# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း (၁၀) ရက် ၊ တနင်္ဂနွေနေ့ ၊ (28-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၂၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၇**

အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ➩**

**ကုန်ထုတ်လုပ်မှုပိုင်းတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့်ကုန်ကြမ်း၊ အစိတ်အပိုင်းအချို့ကို သေး၊ ငယ်၊ လတ်လုပ်ငန်းများမှ ချိတ်ဆက်ပေးသွင်းနိုင်မည်ဖြစ်သည်ကို တွေ့ရှိရ...**




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# မူးယစ်ဆေးနှင့် အရက်သေစာများကို ရှောင်ကြဉ်ပါ

လူတိုင်းသည် နေ့စဉ်ဘဝတွင် ပျော်ရွှင်မှုကိုလိုလားကြသည်။ စိတ်ညစ်စရာ၊ ဝမ်းနည်းစရာများ ကြုံလာလျှင်လည်း ပြန်လည်၍ပျော်ရွှင်မှုရရှိစေရန် နည်းလမ်းရှာကြံကြစမြဲဖြစ်သည်။ ပျော်ရွှင်မှုအတွက် အချို့သောသူများသည် အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးစသည်တို့ကို စမ်းသုံးကြည့်တတ်ကြသည်။ လူ၏စိတ်သည် ပင်ကိုအားဖြင့် ရေကဲ့သို့အေးမြကြည်လင်နေသော်လည်း မူးယစ်စေသောအရာများနှင့် အရက်သေစာများကိုပွတ်ရှုံစားသောက်မိပါက ကြည်လင်နေသောစိတ်များ နောက်ကျိကျိရီဝေဝေဖြစ်လာပေမည်။

မိမိစိတ်ကို မိမိနိုင်ပါသည်ဟု မာန်တင်းကာ မူးယစ်ဆေးအရက်သေစာများကို စမ်းသပ်သုံးကြည့်ပါက သုံးစွဲပြီးနောက် ကျရှုံးရသည်သာများသည်။ သုံးစွဲမှုများလွန်းလျှင်လူစိတ်ပျောက်ကာအကောင်းအဆိုးခွဲခြားဝေဖန်နိုင်သည့်အသိဉာဏ်များလျော့ပါးပျောက်ကွယ်လာသဖြင့် ရာဇဝတ်မှုများကျူးလွန်မိတတ်ပြီး ဥပဒေ၏အဆုံးအမကိုခံယူရပေမည်။ ထို့ပြင် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည်တို့အဘက်ဘက်ကယိုယွင်းလာပြီး မိသားစုဘဝပျက်ပြားကာ အသက်ဆုံးရှုံးရသည်အထိပင် ယခုဘဝဆိုးကျိုးများနှင့်ကြုံရပြီး သေလွန်ပြီးပါကလည်း အကုသိုလ်အကျိုးပေးကြောင့် အပါယ်လေးဘုံသို့သာ ရောက်ရှိနိုင်ပေသည်။

မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက် ကိုယ့်ထီးကိုယ့်နန်းဖြင့်နေထိုင်ကြစဉ်က ကိုးကွယ်ရာဘာသာတရားအရ အရက်သေစာသောက်စားခြင်းကိုရှောင်ရှားကြသည်။ ငါးပါးသီလကို လူကြီးလူငယ်မရွေး လေးစားလိုက်နာကြသည်။ ထိုမှကိုလိုနီနယ်ချဲ့တို့လက်အောက်သို့ ရောက်ရှိခဲ့ရချိန်တွင် ဘာသာခြားလူမျိုးခြားတို့က အရက်လုပ်ငန်းကိုစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ကြသည်။ ပြည်ပမှအရက်အမျိုးမျိုးကို အခွန်ရရှိရေးအတွက် တင်သွင်းရောင်းချသည်။ ပြည်တွင်းတွင်လည်း အရက်လိုင်စင်များထုတ်ပေးကာ အရက်ဆိုင်များ ပေါပေါများများဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သည်။ ကျေးလက်တောရွာများမှာပင် တောအရက်ချက်လုပ်ရောင်းချကြသည်အထိပင် အရက်လုပ်ငန်းများ များပြားလာကာ မြို့ပေါ်နေလူတန်းစား လူငယ်လူရွယ်များသာမက တောနေလူတန်းစားလူငယ်လူရွယ်များပါ အရက်ကြောင့်ပျက်စီးလေလွင့်ခဲ့ရသူများပြားခဲ့ရသည်။

အရက်စသောက်သည့် အသက်အရွယ်ငယ်လေလေ အရက်၏ကျေးကျွန်ဖြစ်နိုင်ခြေ ပိုများလေလေဖြစ်ပါသည်။ အရက်ကိုအများအပြားအလွန်အကျွံသောက်ပါက အသည်းရောဂါများ၊ သွေးတိုး၊ လေဖြတ်၊ နှလုံးရောဂါများ အစာအိမ်နှင့်ပန်ကရိယအနာဖြစ်ခြင်း၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ၊ အာဟာရချို့တဲ့ပြီး ခံတွင်းနှင့်လည်ချောင်းရောဂါများ၊ စိတ်ကျရောဂါအပါအဝင် စိတ်ပိုင်းဆိုင်ရာရောဂါအမျိုးမျိုး၊ ကင်ဆာအမျိုးမျိုးဖြစ်ပွားနိုင်ပါသည်။

အလားတူ ငွေရေးကြေးရေးပြဿနာများ၊ ယာဉ်တိုက်မှု၊ ခိုက်ရန်ဖြစ်ပွားသေဆုံးမှု၊ အလုပ်အကိုင်ဆုံးရှုံးမှု၊ အိမ်ထောင်ရေးပြိုကွဲမှုစသည့် လူမှုရေးပြဿနာများကိုဖြစ်ပွားနိုင်သဖြင့် အရက်ကိုရှောင်ကြဉ်ရပါမည်။ အရက်စွဲနေပါကလည်း အရက်၏ဆိုးကျိုးများမခံစားရမီ ဆရာဝန်နှင့်ပြသပြီး အရက်ဖြတ်သင့်ပါသည်။

အရက်သေစာနှင့် မူးယစ်ဆေးဝါးများသည် အများအပြားအလွန်အကျွံသုံးစွဲသူတိုင်းကို အကျင့်စာရိတ္တ၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လက်ရှိဘဝကိုပါ ပျက်စီးစေနိုင်ပါသည်။ လက်ရှိဘဝမှာ အကုသိုလ်ကံကိုသာ ပျော်ပျော်ကြီးကျူးလွန်စေရုံဖြင့်မပြီးသေးဘဲ နောင်ဘဝများထိပါ ဒုက္ခရောက်ရန် အလွန်ကြီးမားသော အကုသိုလ်ကံကြီးများကို ကျူးလွန်လာအောင် တိုက်တွန်းအားပေးတတ်သည်ဖြစ်ရာ ရခဲလှသော လူ့ဘဝခဏတာအတွင်း ကျန်းမာချမ်းသာအောင်မြင်မှုရရှိရန် မူးယစ်ဆေးနှင့်အရက်သေစာမှန်သမျှကို ရှောင်ကြဉ်သင့်ပါကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



မန္တလေး မေ ၂၇

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်းဦးရေ ၃၇၈၃၉၀ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ အခုလို ရုံးအားလပ်ရက်၊ အလုပ်အားလပ်ရက်တွေမှာ ဘုရားဖူးသူတွေနဲ့ ပိုပြီး စည်ကားနေပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆိုရင်လဲ ဘုရားဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားရိပ်၊ တရားရိပ်က အေးမြတဲ့အတွက် လာရောက်တရားထိုင်သူတွေလဲရှိကြပါတယ်။ ဘုရားဖူးပြည်သူတွေဟာ ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာသူတွေနဲ့ စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲ နေ့စဉ်ဖွင့်လှစ်ရောင်းချနေတာကို တွေ့ရပြီး ဝယ်ယူတွေနဲ့ စည်ကားနေပါတယ်"ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၃၄၇၇၅ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၂၉၉၀ လာ ရောက်ဖူးမြော်ကြောင်း ဝေဠုဝန် ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၆၂၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ဧရာဝတီမြစ်အတွင်း ကမ်းပြိုမှုကြောင့် တံစုန်းများမျောပါလာနိုင်သဖြင့် မန္တလေးဆိပ်ကမ်းမှသင်္ဘောများ အထူးသတိပြုသွားလာရန်လို

မန္တလေး မေ ၂၇

ဧရာဝတီမြစ်အတွင်း ကမ်းပြိုမှုကြောင့် တံစုန်းများမျောပါလာနိုင်သဖြင့် မန္တလေးဆိပ်ကမ်းမှသင်္ဘောများအထူးသတိပြုသွားလာရန်လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်းရေများချိန်ကာလဖြစ်သည့်အတွက် မြစ်အထက်ပိုင်း ဗန်းမော်၊ ကသာ၊ ရွှေကူ၊ ထီးချိုင့် စသည့်ဒေသများတွင် ရေတက်နေသဖြင့် ကမ်းပြိုမှုများကြောင့် ကမ်းအနီးရှိ သက်တမ်းရင့်အပင်ကြီးများ အပင်လိုက်အပြင် အတို၊ အစ (တံစုန်း) များ ရေထဲမျောပါလာနိုင်သဖြင့် မန္တလေးဆိပ်ကမ်းမှ ခရီးသည်တင်သင်္ဘောများနှင့် ကုန်တင်သင်္ဘောများအနေဖြင့် အထူးသတိပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေးကနေ ဗန်းမော်ဘက်ရေလမ်းကြောင်းကို သွားမဲ့သင်္ဘောတွေအနေနဲ့ အခုရေများချိန်မှာ အထူးသတိထားဖို့လိုပါတယ်။ နေ့အချိန်မှာသစ်ပင်ကြီးတွေမျောလာတာမြင်နိုင်ပေမဲ့ သတိမထားမိဘဲဝင်တိုက်မိရင်အန္တရာယ်များပါတယ်။ ပြီးတော့ ညပိုင်းအချိန်တွေဆိုရင် တော်တော်အန္တရာယ်ရှိပါတယ်။ ရေစီးကလဲသန်တော့ သစ်ပင်ကြီးတွေက မိမိတို့ရဲ့ သင်္ဘောဝမ်းဗိုက်နဲ့ တခြားနေရာတွေကို ဝင်စောင့်မိရင် သင်္ဘောတွေအတွက် အန္တရာယ်ရှိပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုလက်ရှိ မန္တလေးဆိပ်ကမ်းမှ သွားလာနေသည့်သင်္ဘောများအနေဖြင့် ဗန်းမော်ဘက်သို့ သွားလာရာတွင် ရေလမ်းကြောင်းကောင်းမွန်နေ၍ ယခင် မိမိတို့သွားနေကျရေလမ်းကြောင်းအတိုင်း မသွားဘဲ ရေလမ်းကြောင်းအသစ်မှသွားလာလျှင် သတိပြုသွားလာကြရန်လိုကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးတွင် မူးယစ်ဆေးဖြတ်ပြီးသူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

မန္တလေး မေ ၂၇

မန္တလေးတိုင်းဒေသကြီးတွင် မူးယစ်ဆေးဖြတ်ပြီးသူများအတွက် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်မှု အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းကို မေ ၂၆ ရက် နံနက်ပိုင်းက မန္တလေးမြို့ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း အဆိုပါပြန်လည်ထူထောင်ရေးစခန်းမှ မန်နေဂျာ ဦးညွန့်မြိုင်က ပြောပြ၍ သိရသည်။

အဆိုပါ သင်တန်းကို မေ ၂၆ ရက်မှ မေ ၃၀ ရက်ထိ ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတွင် သင်တန်းသားဦးရေ ၂၀ သာ လက်ခံသင်ကြားပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများကို နောက်ဆက်တွဲစောင့်ရှောက်မှုအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် ဆိုင်ကယ်ပြုပြင်နည်း သင်တန်း၊ ဆံပင်ညှပ်သင်တန်း၊ ဆပ်ပြာဆီထုတ်လုပ်နည်းသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းတို့ကို ပြင်ပတွင် လုပ်ကိုင်စားသောက်နိုင်သည်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်မှုသင်တန်းကို ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းပြီး ဖွင့်လှစ်သင်ကြားပေးတာပါ။ သင်တန်းပေးရတာကလဲ မူးယစ်ဆေးဖြတ်ပြီး သင်တန်းဆင်းသွားတဲ့ သင်တန်းသားတွေကို ပြန်လည်ခေါ်ယူပြီးတော့ စစ်ဆေးစောင့်ရှောက်မှုပေးတဲ့သဘောပါ။ သင်တန်းမှာ မူးယစ်ဆေးနဲ့ပတ်သက်တဲ့ဥပဒေအကြောင်းအရာတွေ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတွေ၊ အသက်မွေးဝမ်းကျောင်း စတဲ့ ဘာသာရပ်တွေကို သက်ဆိုင်ရာဌာနတွေက ပို့ချပေးတာဖြစ်ပါတယ်"ဟု ဦးညွန့်မြိုင်က ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အရည်အသွေးမြင့်ဝန်ဆောင်မှု

## မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုအပိုင်းနှင့် ဝန်ဆောင်မှုအပိုင်းဟု နှစ်မျိုးပါဝင်သည်။ ကုန်ပစ္စည်းရှိမှသာ နောက်တွင်အထောက်အကူပြုကွင်းဆက် Supply Chain ဆိုင်ရာကိစ္စများကို ဆောင်ရွက်နိုင်သည်။ ဝန်ဆောင်မှုလုပ်ငန်းမှာမူ လူ၏ကျွမ်းကျင်မှု၊ ပညာရပ်တို့ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းဟု ခေါ်နိုင်သည်ထင်သည်။ တစ်နည်းအားဖြင့် ထိတွေ့ကိုင်တွယ်၍ရသော ကုန်ပစ္စည်းမပါဝင်သည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။ Tertiary Sector of Business တတိယအဆင့် စီးပွားရေးလုပ်ငန်းကဏ္ဍဟုလည်း ခေါ်ဆိုတတ်သည်။ လူသားအရင်းအမြစ်၏ ကျွမ်းကျင်မှုပေါ်အခြေခံသည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။ အခြေခံအကျဆုံးလုပ်ငန်းများတွင်ပင် ကျွမ်းကျင်မှုသည် များစွာအရေးပါသဖြင့် လုပ်သားများတွင်ပင် ကျွမ်းကျင်လုပ်သားနှင့် မကျွမ်းကျင်သောလုပ်သားများ၏ဝင်ငွေသည် ကွဲပြားသည်ကို တွေ့နိုင်သည်။ ကျွမ်းကျင်မှုအပြင် လူတို့၏ စိတ်ပိုင်းဆိုင်ရာအတွေးအခေါ်များ၊ အခြေခံများပေါ်မူတည်၍ လုပ်ကိုင်သည့် ဝန်ဆောင်မှုသည် အရည်အသွေးကွာခြားတတ်သည်။

မြန်မာနိုင်ငံတွင် လိုအပ်နေသော ပညာရေးဝန်ဆောင်မှုကဏ္ဍတစ်ခုမှာ Vocational Training Center ဟုခေါ်သည့် ကျွမ်းကျင်လုပ်သား၊ အဆင့်မြင့်လုပ်သားများထုတ်လုပ်ပေးနိုင်သည့် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဈေးဆိုင်များ အများအပြားပေါ်ပေါက်လာသော်လည်း ဈေးရောင်းသည့်ပညာမတတ်ဘဲ ရောင်းနေသည့် အရောင်းစာရေးများ၊ စားပွဲထိုးပညာနှင့် လူမှုဆက်ဆံရေးမတတ်ဘဲလုပ်နေသည့် စားပွဲထိုးများ၊ ဈေးကွက်ဖော်ဆောင်ရေး Marketing နည်းပညာမတတ်ဘဲ အရောင်းမြှင့်တင်ရေးဆောင်ရွက်နေသည့် ဝန်ထမ်းများ၊ အပြုံးဖြင့်ပင် ခရီးဦးကြိုမလုပ်တတ်သည့် ဧည့်ကြိုဝန်ထမ်းများ၊ အတင်အချလုပ်ငန်းကိုပင် ကုန်ပစ္စည်းအလိုက် မကိုင်တွယ်တတ်သည့် ပခုံးထမ်းလုပ်သားများကို နေရာတချို့တွင် မြင်တွေ့နိုင်သည်။ ယခုနောက်ပိုင်းတွင် နည်းပညာသုံး စက်ကိရိယာများပေါ်ပေါက်လာသည့်အခါ လုပ်သားများ၏ကျွမ်းကျင်မှုသည် သာမန်အလေ့အကျင့်ဖြင့်မရဘဲ နည်းပညာသုံးစက်ကိရိယာများကို ကိုင်တွယ်သုံးစွဲနိုင်သည့်အဆင့်ထိရှိရန် လိုအပ်လာသည်။ လယ်ယာကဏ္ဍတွင်ကြည့်လျှင်ပင် လယ်ယာသုံးစက်ကိရိယာများတွင် အဆင့်မြင့်နည်းပညာများပါဝင်လာပြီး ထိုစက်များကို လယ်ယာလုပ်သားများက ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းနိုင်ရန် လိုအပ်လာသည်။

**အရည်အသွေးမြင့် ဝန်ဆောင်မှုပုံစံ**

ဈေးကွက်တွင် စီးပွားရေးလုပ်ငန်းများ အချင်းချင်းပြိုင်ဆိုင်မှု ပိုမိုများပြားလာသည်နှင့်အမျှ စားသုံးသူဖောက်သည်များအတွက် ဝန်ဆောင်မှုပေးသောလုပ်ငန်းများသည်လည်း ပိုမိုတိုးတက်လာသည်ကိုတွေ့နိုင်သည်။ စားသုံးသူဖောက်သည်များ ကြိုက်နှစ်သက်စေရန် ကြိုးစား၍ပြိုင်ဆိုင်လာကြသည်။ ဈေးကွက်ဖော်ဆောင်ရေးမဟာဗျူဟာတွင် စားသုံးသူဖောက်သည်ကြိုက်နှစ်သက်အောင်ဆောင်ရွက်နိုင်ခြင်းသည် သော့ချက်တစ်ခုဖြစ်လာသည်။ အရည်အသွေးမြင့်ဝန်ဆောင်မှုပုံစံသည် ဝန်ဆောင်မှုအရည်အသွေးနှင့် စားသုံးသူများကြိုက်နှစ်သက်ခြင်းအဆင့်ထိ ဆောင်ရွက်နိုင်သည့်ပုံစံဖြစ်သည်။ လက်လီလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အရည်အသွေးမှ ဦးဆောင်မောင်းနှင်သည့်ဝန်ဆောင်မှုပုံစံကိုဖော်ထုတ်ပြီး ချမှတ်ထားသောစံနမူနာပုံစံမျိုးဖြစ်သည်။ အဆိုပါဝန်ဆောင်မှုပုံစံတွင် ရှုထောင့်ငါးမျိုးပါဝင်သည်။ ယုံကြည်အားထားရမှုရှိခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ အာမခံချက်ရှိခြင်း၊ ထိတွေ့နိုင်မှုရှိခြင်းနှင့် စာနာမှု၊ မျှဝေခံစားတတ်မှု၊ ကိုယ်ချင်းစာမှုရှိခြင်းတို့ဖြစ်ကြသည်။

**ယုံကြည်အားထားရမှုရှိခြင်း**သည် အလွန်အရေးပါသောဝန်ဆောင်မှုတစ်ခုဖြစ်သည်။ ကုန်ပစ္စည်းရောင်းချသည်ဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းဖြစ်စေ စားသုံးသူများ၏ ယုံကြည်အားထားမှုကိုရရှိရန် အလွန်အရေးကြီးသည်။ ယုံကြည်မှုဖြင့် လုပ်ကိုင်နိုင်ပြီဆိုလျှင် အရင်းအနှီးပင်မလိုအပ်ဟု ဆိုကြသည်။ ထို့ကြောင့် ယုံကြည်အားထားရမှုရှိသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာစေရန် အဓိကထားကြိုးစားရမည်ဖြစ်သည်။ မထိတွေ့နိုင်သောပိုင်ဆိုင်မှု (Intangible Access)ဟု ခေါ်ဝေါ်နိုင်သည်။ ကုန်အမှတ်တံဆိပ် (Brand Name) သည် စားသုံးသူဖောက်သည်များ ယုံကြည်မှုကိုပြဆိုသည့် သင်္ကေတတစ်ခုဖြစ်သည်။

ဥပမာ-တိုယိုတာ၊ ဟွန်ဒါကားကုမ္ပဏီများ၊ Apple တံဆိပ် အိုင်ဖုန်းများကိုကြည့်လျှင် Brand Name များသည် များစွာတန်ဖိုးကြီးမားကြသည်။ ထိုသို့တန်ဖိုးကြီးမားခြင်းသည် စားသုံးသူဖောက်သည်များ၏ ယုံကြည်အားထားမှုကိုခံယူထားသည့် အမှတ်တံဆိပ်များဖြစ်သည့်အတွက် တန်ဖိုးကြီးမားနေခြင်းဖြစ်သည်။

မိမိစီးပွားရေးလုပ်ငန်းမှ မည်သည့်အရာကိုမဆို အာမခံရန်လိုအပ်သည်။ ဝန်ဆောင်မှုတိုင်းကို အာမခံချက်ပေးနိုင်ရပါမည်။ အရည်အသွေးပိုင်းတွင် အာမခံချက်ပေးနိုင်ရပါမည်။ အလေးချိန်ပိုင်းတွင်အာမခံချက်ပေးနိုင်ရပါမည်။ ဈေးနှုန်းပိုင်းတွင် အာမခံချက်ပေးနိုင်ရပါမည်။ ကာလဒေသအရ စားသုံးသူများအတွက် အကောင်းဆုံးဖြစ်ကြောင်း အာမခံနိုင်ရပါမည်။ ပေးအပ်မည်ဆိုသောဝန်ဆောင်မှုတိုင်းကို အာမခံထားသည့်အတိုင်းလုပ်ပေးနိုင်ရပါမည်။ အာမခံချက်မရှိသောလုပ်ငန်းများသည် ရေရှည်တွင် ကျဆုံးရသည်သာဖြစ်သည်။ ထို့ကြောင့် ဝန်ဆောင်မှုစီးပွားရေးတိုင်းသည် အရည်အသွေးမှန်၊ ဈေးနှုန်းမှန်၊ အလေးမှန်နှင့် အရောင်းအဝယ်မှန်ဟူသော မှန်လေးမှန်ကို အာမခံထားနိုင်ရန်လိုအပ်သည်။

**ထိတွေ့ကိုင်တွယ်နိုင်မှုရှိခြင်း**သည်လည်း လိုအပ်သောအရာတစ်ခုဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများသည် ကုန်ပစ္စည်းပေးအပ်ခြင်းမဟုတ်သော်လည်း အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းတည်ရာ အခန်း၊ အဆောက်အအုံစသည်တို့ကို သပ်ရပ်သန့်ရှင်းစွာထားရှိခြင်း၊ လှပ၍ဆွဲဆောင်မှုရှိခြင်း၊ မျက်မြင်အားဖြင့် ဆွဲဆောင်မှုရှိခြင်း စသည့်အချက်များရှိနေရန်လိုသည်။ ဆိုင်၏ Logo၊ Website စသည်တို့သည်လည်း ဆွဲဆောင်မှုရှိရန်၊ မျက်မြင်ပသာဒရှိရန်လိုသည်။ ရသဗေဒအားဖြင့် ပြောင်မြောက်ကောင်းမွန်ရန် လိုအပ်သည်။ လုပ်ငန်းနှင့်ဆက်စပ်သော အသုံးအဆောင်များ၊ ပစ္စည်းများကိုထားရှိပြီး ပိုမိုကောင်းမွန်သောဝန်ဆောင်မှုရှိရန်လိုသည်။

> ❖ ဈေးကွက်ဖော်ဆောင်ရေးမဟာဗျူဟာတွင် စားသုံးသူဖောက်သည်ကြိုက်နှစ်သက်အောင်ဆောင်ရွက်နိုင်ခြင်းသည် သော့ချက်တစ်ခုဖြစ်လာသည်။ အရည်အသွေးမြင့်ဝန်ဆောင်မှုပုံစံသည် ဝန်ဆောင်မှုအရည်အသွေးနှင့် စားသုံးသူများကြိုက်နှစ်သက်ခြင်းအဆင့်ထိ ဆောင်ရွက်နိုင်သည့်ပုံစံဖြစ်သည်။ လက်လီလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အရည်အသွေးမှဦးဆောင်မောင်းနှင်သည့် ဝန်ဆောင်မှုပုံစံကိုဖော်ထုတ်ပြီး ချမှတ်ထားသောစံနမူနာပုံစံမျိုးဖြစ်သည်။ အဆိုပါဝန်ဆောင်မှုပုံစံတွင် ရှုထောင့်ငါးမျိုးပါဝင်သည်။ ယုံကြည်အားထားရမှုရှိခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ အာမခံချက်ရှိခြင်း၊ ထိတွေ့နိုင်မှုရှိခြင်းနှင့် စာနာမှု၊ မျှဝေခံစားတတ်မှု၊ ကိုယ်ချင်းစာမှုရှိခြင်းတို့ဖြစ်ကြသည်။ ❖

ဈေးကွက်ဖော်ဆောင်ရေး လုပ်ငန်းများတွင်လည်း စားသုံးသူဖောက်သည်များ ယုံကြည်အားထားရအောင် ဆောင်ရွက်နိုင်ရန်လိုသည်။ သို့မှသာ မိမိလုပ်ငန်းအောင်မြင်ခြင်းရာခိုင်နှုန်းသည်လည်း ကောင်းမွန်မည်ဖြစ်သည်။

**တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း**သည်လည်း ရောင်းကုန်နှင့်ဝန်ဆောင်မှုအတွက် အရေးပါသောအချက်တစ်ချက်ဖြစ်သည်။ လုပ်သမျှဝန်ဆောင်မှုတိုင်းနှင့် ရောင်းသမျှကုန်ပစ္စည်းတိုင်းကို ရောင်းချပြီး မိမိလက်မှလွတ်သွားသည့်တိုင်အောင် တာဝန်ခံရန်လိုအပ်သည်။ မရောင်းမီတွင်သာ အရည်အသွေးကိုတာဝန်ယူရန်မဟုတ်ဘဲ စားသုံးသူလက်ဝယ်ရောက်သည့်တိုင်အောင် တာဝန်ခံရန်၊ တာဝန်ယူရန်လိုအပ်သည်။ ရောင်းပြီးနောက် ပေးသည့်ဝန်ဆောင်မှုများ(After Sale Services)သည် သစ္စာရှိသောဖောက်သည်ကို တိုးပွားစေသည်။ မိမိထုတ်ကုန်နှင့် မိမိလုပ်ငန်းအဝန်းအဝိုင်းအတွင်းသာ တာဝန်ယူခြင်းမျိုးမဟုတ်ဘဲ ထုတ်ကုန်မှဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များ၊ လုပ်ငန်းကြောင့်ဖြစ်ပေါ်လာမည့်အကျိုးဆက်များအတွက်ပါ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းရှိရန်လိုအပ်သည်။ ဟိုတယ်လုပ်ငန်းများသည် လျှပ်စစ်မီးကို များစွာသုံးစွဲရသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေနှင့် လေစွမ်းအင်များမှရသော လျှပ်စစ်ဓာတ်ကိုသုံးစွဲပေးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေး၊ လူသားထုရေရှည်တည်တံ့နိုင်ရေးအတွက် ဝိုင်းဝန်းတာဝန်ခံခြင်းတစ်မျိုးအဖြစ် ဖောက်သည်များကနားလည်ပြီး စီးပွားရေးလုပ်ငန်းကို အထောက်အကူဖြစ်စေသည်။

**အာမခံချက်ရှိခြင်း**သည်လည်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သောကိစ္စဖြစ်သည်။

ဥပမာ-သတို့သား၊ သတို့သမီးဝတ်စုံ ရောင်းချသောဆိုင်တွင် အဝတ်အစားလဲခန်းကို သေချာစွာထားရှိရန်လိုသည်။ နမူနာဝတ်ဆင်ပြီး ကြည့်ရှုနိုင်ရန် လုပ်ကိုင်ပေးရန်လည်းလိုအပ်သည်။ လာရောက်သောဖောက်သည်များ၊ စားသုံးသူများသည် စောင့်ဆိုင်းနေရခြင်းမျိုးရှိပါက ထိုင်ခုံများသည် သက်သောင့်သက်သာနှင့်ကောင်းမွန်စွာထားပေးရပါမည်။ ဝန်ထမ်းနှင့်အလုပ်သမားများကိုလည်း မိမိကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအလိုက် သင့်တော်သပ်ရပ်သောဝတ်စားဆင်ယင်မှုများဖြစ်အောင် စည်းကမ်းထားရပါမည်။ လာရောက်သောဖောက်သည်များ ကြိုက်နှစ်သက်နိုင်ခြင်းမရှိသော ဝတ်စားဆင်ယင်မှုများ၊ အလွန်အကျွံပြင်ဆင်မှုများကို ရှောင်ရှားရန်လည်း လိုအပ်သည်။

**စာနာမှု၊ မျှဝေခံစားမှု၊ ကိုယ်ချင်းစာမှုရှိခြင်း**ဟူသောအချက်မှာမူ မည်သည့်လုပ်ငန်းကိုလုပ်ကိုင်သည်ဖြစ်စေ ထားရှိရမည့်သန္နိဋ္ဌာန်တစ်ရပ်ဖြစ်သည်ဟုပင် ဆိုနိုင်သည်။ စားသုံးသူများ၊ ဖောက်သည်များအားလုံးကို မေတ္တာရှေ့ထားပြီး ဆက်ဆံနိုင်ရန်လိုအပ်သည်။ Customers Always Right ဟူသောစကားကဲ့သို့ ဖောက်သည်များနှစ်သက်လက်ခံလာစေရန် ကြိုးပမ်းရာတွင် လုပ်ငန်းရှင် Point of View အပြင် Customer Point of View ကိုပါ ထည့်သွင်းစဉ်းစားပေးရန်လိုသည်။ မိမိသာစားသုံးသူဖြစ်လျှင် မိမိလုပ်ငန်းမှ တောင်းခံသည့်ဈေးနှုန်း၊ ဝန်ဆောင်မှုများသည် ကျေနပ်လောက်ဖွယ် ရှိ၊ မရှိ၊ နှစ်ခြိုက်ဖွယ် ရှိ၊ မရှိကို အစဉ်ထည့်သွင်းစဉ်းစားပေးရန်လိုသည်။ လာရောက်စားသုံးသူများအားလုံးအတွက် တစ်ပြေးညီဝန်ဆောင်မှုများကိုဆောင်ရွက်ပေးထားသည့်အပြင် လာရောက်သည့် ဖောက်သည်၊ စားသုံးသူတစ်ဦးချင်းအတွက် လိုအပ်သည့်ကိစ္စများကိုလည်း တစ်ဦးချင်းအလိုက် ဆောင်ရွက်ပေးနိုင်ရန်လိုသည်။ ကလေးများပါလာလျှင် ကလေးများအတွက် သီးသန့်ဝန်ဆောင်မှုများ ထားပေးရန်လိုသည်။

ဥပမာ-စားသောက်ဆိုင်များတွင် ကလေးထိုင်ခုံများထားပေးခြင်း၊ ကလေးကစားစရာများထားပေးခြင်း၊ Wheelchair ဝန်ဆောင်မှုများထားပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးရပါမည်။ ထို့ပြင် ကားရပ်နားနိုင်သည့်နေရာများ လုံလုံလောက်လောက်ထားပေးရန်လိုသည်။ ကိုဗစ်ရောဂါအတွက် လက်သန့်ဆေးများထားပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ကောင်းစွာထားပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ရပါမည်။ ဘက်စုံထောင့်စုံအောင်စဉ်းစားပြီး ဆောင်ရွက်ပေးနိုင်ရန်လိုအပ်သည်။

ထိုအချက်ငါးချက်ဖြင့် အရည်အသွေးရှိသော ဝန်ဆောင်မှုပုံစံကိုဖော်ဆောင်ပြီး စားသုံးသူများ ကျေနပ်နှစ်သက်မှုရှိအောင်ဆောင်ရွက်ခြင်းနှင့် အရည်အသွေးရှိသောဝန်ဆောင်မှုတို့ကို ပေါင်းစပ်အကောင်အထည်ဖော်ထားခြင်းဖြစ်သည်။ လွယ်လွယ်ကူကူပြောရမည်ဆိုပါက ဝန်ဆောင်မှုကို အကောင်းဆုံးဖြစ်ရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်သောစားသုံးသူများ ကျေနပ်နှစ်သက်မှုရှိရေးသည် အရေးကြီးဆုံးဖြစ်သည်။ ကျေနပ်သွားသောစားသုံးသူသည် မိမိလုပ်ငန်းအတွက် အခမဲ့ကြော်ငြာသူဖြစ်လာပါမည်။ အကယ်၍ကျေနပ်မှုကိုမရရှိသွားပါက မိမိလုပ်ငန်းမကောင်းကြောင်းကို ဖြန့်ဝေမည့်သူဖြစ်လာပါမည်။ ထို့ကြောင့် တစ်ယောက်ကစတစ်ရာဆိုသကဲ့သို့ လာရောက်သော စားသုံးသူတိုင်း ကျေနပ်မှုဖြင့် ဆိုင်မှပြန်လည်ထွက်ခွာသွားရန် ကြိုးစားဆောင်ရွက်ခြင်းဖြင့် အများစုကျေနပ်သည်ထိ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ စားသုံးသူတိုင်း ကျေနပ်မှုရရှိစေရေးအတွက် အရည်အသွေးရှိသော ဝန်ဆောင်မှုပုံစံကိုဖော်ထုတ်ရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းသည့်နည်းလမ်းဖြင့် ဆောင်ရွက်လေ့ရှိသည်ဟု ဆိုသည်။

**အားနည်းချက်ဖြည့်ဆည်းခြင်း**

အရည်အသွေးရှိသောဝန်ဆောင်မှုပုံစံကို ကောင်းစွာအကောင်အထည်ဖော်နိုင်ရန်အတွက် အားနည်းချက်များဖြစ်ပေါ်နေသည်ကို ဖြည့်ဆည်းပေးသွားသည့် နည်းလမ်းကိုသုံးစွဲလေ့ရှိသည်။ အားနည်းချက်ဆိုသည်မှာ မျှော်လင့်သည့်အခြေအနေနှင့် ကြုံတွေ့ရသည့် အခြေအနေတို့ကြားမှ ကွာဟချက်ပင်ဖြစ်သည်။ အဆိုပါအားနည်းချက်များမှာ စားသုံးသူဖောက်သည်များ၏ မျှော်လင့်ချက်နှင့်ကြုံတွေ့မှုကွာဟချက်၊ ဗဟုသုတဆိုင်ရာကွာဟချက်၊ မူဝါဒပိုင်းဆိုင်ရာကွာဟချက်၊ ထုတ်လွှတ်မှု၊ ပို့ဆောင်မှုပိုင်းဆိုင်ရာ ကွာဟချက်နှင့် ဆက်သွယ်၊ ဆက်ဆံရေးပိုင်းဆိုင်ရာ ကွာဟချက်များဖြစ်သည်။ အဆိုပါ ကွာဟချက်၊ အားနည်းချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် အရည်အသွေးရှိသော ဝန်ဆောင်မှုကိုရရှိလာနိုင်သည်။ ကုန်ပစ္စည်းရောင်းချသူဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းတွင်ဖြစ်စေ ပိုင်ရှင်ဘက်က တွေးထင်ထားသည့်အချက်နှင့် စားသုံးသူဘက်က တွေးထင်ထားသည့် မျှော်လင့်ချက်များသည်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ငပုတောမြို့နယ်တွင် ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိ ဈေးကောင်းရရှိ



**ငပုတော မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ငပုတောမြို့နယ် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ပြီးခဲ့သည့် မတ်လနှင့် ဧပြီလက ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၈၀၀၀ သာ ဈေးရရှိခဲ့ပြီး မေ ၁ ရက်မှ ယနေ့ထိ ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ ငပုတောမြို့နယ်မှ ထွက်ရှိသည့်ဓနိများကို ပုသိမ်မြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ငပုတောမြို့နယ်က တောင်သူတွေအနေနဲ့ ဓနိစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပါတယ်။ ဓနိစိုက်ပျိုးရေးလုပ်ငန်းဟာ ဒေသစီးပွားရေးလုပ်ငန်းတစ်ခုထဲမှာ အပါအဝင်ဖြစ်ပါတယ်။ အခုမေလထဲမှာ ဓနိဈေးကောင်းရရှိလာပါတယ်။ ဈေးကောင်းရရှိတဲ့အတွက် ဒေသခံဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ ဓနိထိုးလုပ်သားတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ငပုတောမြို့နယ် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဓနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၉ ရွာမှ ဒေသခံ ၂၀၈ ဦးက ဓနိ ၆၀၉၈ ဧက စိုက်ပျိုးထားကြောင်း၊ အဆိုပါဓနိများ ဈေးကောင်းရရှိလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဓနိဈေးက အရင်နှစ်တွေထက် အခုနှစ်က ပိုပြီးဈေးကောင်းရရှိနေပါတယ်။ ဓနိချပ်ရေ ၁၀၀ ကို ငွေကျပ် ၁၃၀၀၀ ထိ ဈေးကောင်းရနေပါတယ်။ အခုနှစ် ဓနိပေါ်ချိန်မှာ ဈေးကောင်းရနေတော့ နှစ်ဦးနှစ်ဖက် အဆင်ပြေပါတယ်။ ဓနိလုပ်ငန်းက အမျိုးသားကော အမျိုးသမီးပါ လုပ်လို့ရတဲ့ လုပ်ငန်းဆိုတော့ ဒေသခံတွေအတွက် အဆင်ပြေပါတယ်"ဟု ငပုတောမြို့နယ်မှ ဒေသခံဓနိထိုးလုပ်သား ဦးဇော်ထက်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ကွဲလွဲနေတတ်သည်။ ထိုကွဲလွဲချက်သည် မိမိလုပ်ငန်း၏ အားနည်းချက်များဖြစ်တတ်သဖြင့် စားသုံးသူဖောက်သည်များ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် ကွာဟချက်ကိုကျဉ်းမြောင်းစေသည်။ စားသုံးသူဖောက်သည်ကို ကျေနပ်မှုတိုးစေသည်။ လက်လီဈေးရောင်းသည့်လုပ်ငန်းများတွင် စားသုံးသူနှင့်တိုက်ရိုက်ထိတွေ့ရမှုများပြားသဖြင့် စားသုံးသူများ ကျေနပ်နှစ်သက်မှုသည် များစွာအရေးပါသည်ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။

**အရည်အသွေးကောင်းခြင်း**

အရည်အသွေးကောင်းခြင်းမှာမူ မည်သည့်လုပ်ငန်းတိုင်းအတွက်မဆို မရှိမဖြစ်ဖြစ်သည်။ ရောင်းချသောကုန်ပစ္စည်းများအားလုံး၏ အရည်အသွေးသည် သင့်တင့်မျှတမှုရှိရမည်။ သတ်မှတ်ထားသောအချက်များအားလုံးပါရှိရမည်။ ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းတွင် အကောင်းဆုံးသောဝန်ဆောင်မှုကိုပေးနိုင်ရန်လိုသည်။ အသေးအဖွဲမှစ၍ အရည်အသွေးကောင်းအောင်ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ အထူးသဖြင့် ဆက်ဆံရေး၊ ကြိုဆိုနေရာချထားရေးကိစ္စများသည် အထူးအရေးပါသည်။ ဝင်လာသောဖောက်သည်တိုင်းကို လှိုက်လှဲသောအပြုံးလေးဖြင့် ခရီးဦးကြိုပြုနိုင်ရပါမည်။ ဆိုင်အတွင်းဝင်လာသူကို နှုတ်ဆက်မည့်သူမရှိခြင်းမျိုးမဖြစ်စေရပါ။ ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ ကောင်းစွာဆက်ဆံပြသနိုင်ရပါမည်။ အဝတ်အထည်ရောင်းသောဆိုင်များတွင် တစ်ထည်ချင်းထုတ်ပြရခြင်းကို မညည်းမညူပြသနိုင်ရမည်ဖြစ်သည်။ ထို့ပြင် ဖောက်သည်များ၏ မျှော်လင့်ချက်များနှင့်အနီးစပ်ဆုံးကို မိမိဆိုင်၊ လုပ်ငန်းမှ ဆောင်ရွက်ပေးသည်။ ထိုဆောင်ရွက်ပေးသည်မှာလည်း အရည်အသွေးအားဖြင့်ထိပ်တန်းဖြစ်သည်ဟု စားသုံးသူက ယုံကြည်ရန်၊ လက်ခံသွားရန်အရေးကြီးသည်။

ထို့ပြင် စားသုံးသူကို တစ်သက်တာဝယ်ယူသုံးစွဲမည့် သစ္စာရှိဖောက်သည် ဖြစ်လာရေးမှာ အဓိကအားဖြင့် အရည်အသွေးရှိသောဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းများပင်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့် မှန်လေးမှန်ကို ဖောက်သည်အတွက် အစဉ်အမြဲဆောင်ရွက်ပေးနေရပါမည်။ ဖောက်သည်များလက်တွေ့ကြုံရသည့်ဝန်ဆောင်မှုသည် မျှော်လင့်ထားသည်နှင့် ကွာခြားမှုမရှိရပါ။ ဖောက်သည်များမျှော်လင့်ထားသော ဇဟုသုတပိုင်းဆိုင်ရာဝန်ဆောင်မှုကို အပြည့်အဝပေးနိုင်ရပါမည်။ မူဝါဒပိုင်းဆိုင်ရာတွင်လည်း မျှော်လင့်ထားသည့်အတိုင်းဖြစ်ရပါမည်။ ပေးပို့သည့်လုပ်ငန်းများတွင်လည်း မျှော်လင့်ထားသည့်အတိုင်းဖြစ်ရပါမည်။ ဆက်သွယ်ရသည့်ကိစ္စများတွင်လည်း ဖောက်သည်မျှော်လင့်သည့်အခြေအနေမျိုးကို ပေးစွမ်းနိုင်ရန်လိုအပ်သည်။ ထိုအချက်ငါးချက်တွင် ဖောက်သည်များ မျှော်လင့်ထားသည့်အခြေအနေနှင့် လက်တွေ့မျက်မြင်အခြေအနေများ ကွာခြားမှုမရှိရေးကို အထူးသတိပြုဆောင်ရွက်နိုင်ခြင်းသည် လုပ်ငန်းအရည်အသွေးကောင်းရှိသည်ကို ဖော်ပြခြင်းပင်ဖြစ်သည်။

**မြင့်မားသောအရည်အသွေးပေးရေး**

ယခုခေတ်တွင် နည်းပညာများ၊ Artificial Intelligence ခေါ် မှတ်ဉာဏ်အတုခေါ်ရမည့် AI နည်းပညာများပေါ်ပေါက်လာသည့်အတွက် ဖောက်သည်၏ မျှော်လင့်သည့်အချက်များကို မှန်းဆရုံသာမက ပုံဖော်ပြီး ကြိုတင်ပြင်ဆင်နိုင်ပြီဖြစ်သည်။ ထို့ကြောင့် နည်းပညာသုံးသည့် အရည်အသွေးမြင့်ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်ရန် လိုအပ်လာသည်။

အရည်အသွေးမြင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါရှိရမည့် အချက်ငါးချက်ကို အင်္ဂလိပ်စာဖြင့်ဆိုပါက Reliability၊ Assurance၊ Tangibles၊ Empathy and Responsibility ဟူ၍ ခေါ်ဝေါ်သောကြောင့် အတိုကောက်အားဖြင့် RATER ဟုမှတ်သားထားပြီး အရည်အသွေးရှိသောဝန်ဆောင်မှုပုံစံကို RATER Model ဟု ခေါ်ဝေါ်ပြီး အကောင်အထည်ဖော်လျက်ရှိသည်။ မိမိတို့လုပ်ငန်းများတွင်လည်း မြင့်မားသောအရည်အသွေးရှိသည့် ဝန်ဆောင်မှုများပေးနိုင်အောင် ဆောင်ရွက်ပြီး ဖောက်သည်များ၊ စားသုံးသူများတိုးပွားအောင် ဆောင်ရွက်သင့်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

## အို . . . ဘယ့်ဝန်းကျင်

\- ဤနေရာ၌ နီးတစ်ဝိုက်မှာ
အမှိုက်ပစ်သင့် မပစ်သင့်ဟု
သိသင့်သော်ငြား စာရေးသားလျက်
ဟန့်တားနေရ လူ့လောက။

\- ကွမ်းတံတွေးကို
နီးဝေးမကွယ် မြင်မဖွယ်အောင်
အလွယ်ထွေးသင့် မထွေးသင့်ဟု
သိသင့်သော်ငြား စာရေးသားလျက်
ဟန့်တားနေရ လူ့လောက။

\- ယာဉ်ကြောကျပ်၍
ထူထပ်ရာလျှင် လမ်းဘေးတွင်တည့်
ယာဉ်ရပ်ထားသင့် မထားသင့်ဟု
သိသင့်သော်ငြား စာရေးသားလျက်
ဟန့်တားနေရ လူ့လောက။

\- စသည်စသည်
ဖော်ပြဟန့်တား ဤစာသားကို
နီးနားတစ်ခို မြင်သည်ဆိုတိုင်း
ကိုယ်အပါဝင် လူ့ဝန်းကျင်၏
ဆင်ခြင်နည်းမှု သတိပြုလျက်
ကုစားဖို့ရေး စိတ်မအေးသည်
တွေးရင်းရှက်မိ ပါတကား။ ။

**ချစ်စုအောင်**

# ကြို့ပင်ကောက်မြို့နယ် ပျဉ်ထောင်တွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြို့ပင်ကောက် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်ထောင်တွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မေ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပျဉ်ထောင်တွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသန်းလွင်က လုပ်ငန်းများစံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်ထောင်တွင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၃ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၆ ဒသမ ၂၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၅ ဦးကို ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးထားပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန္တာ**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# နိုင်ငံတကာ သတင်းများ

## ချူကလီးယားလက်နက်များဖြန့်ကြက်ရေးအစီအစဉ် အမေရိကန်သမ္မတဝေဖန်မှု ရုရှားပယ်ချ

**မော်စကို မေ ၂၇**

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက်ချူကလီးယားလက်နက်များဖြန့်ကြက်မည့်အစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ဝေဖန်မှုများကို ရုရှားနိုင်ငံက ယနေ့တွင် ပယ်ချခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် ချူကလီးယားလက်နက်များဖြန့်ကြက်ရေးအစီအစဉ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံက မေ ၂၅ ရက်တွင် ပြောကြားထားသည်။

သို့သော် ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် ချူကလီးယားလက်နက်များဖြန့်ကြက်ထားမည့် ရုရှား၏အစီအစဉ်သည် လုံးဝ အနုတ်လက္ခဏာ ဆောင်သည့် လုပ်ရပ်ဖြစ်ကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က မေ ၂၆ ရက်တွင် ဝေဖန်ခဲ့သည်။

အမေရိကန်သမ္မတ၏ အဆိုပါဝေဖန်ချက်ကို အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံရုံးကပယ်ချခဲ့ပြီး ချူကလီးယား လက်နက်များဖြန့်ကြက်မှုသည် အမေရိကန်နိုင်ငံ၏ ရန်လိုမှုနှင့်ရင်ဆိုင်နေရသည့် ရုရှားနှင့် ဘီလာရုစ်တို့အနေဖြင့် အချုပ်အခြာပိုင် နိုင်ငံများအဖြစ် ပိုင်ဆိုင်ထားသော အခွင့်အရေးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံကိုယ်တိုင်သည်လည်း နည်းဗျူဟာမြောက် ချူကလီးယားလက်နက်များကို ဥရောပ၌ နှစ်ပေါင်းများစွာ ဖြန့်ကြက်ခဲ့သည်သာ ဖြစ်ကြောင်း ရုရှားသံရုံးကြေညာချက်၌ ထောက်ပြထားသည်။

ဘီလာရုစ်၌ ရုရှားနည်းဗျူဟာမြောက် ချူကလီးယားလက်နက်များဖြန့်ကြက်ရေးအစီအစဉ်သည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက်ပိုင်း ရုရှားနယ်စည်းပြင်ပ၌ ပထမဆုံး ချူကလီးယားလက်နက်အပြိုင်ဖြန့်ကြက်မှုဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။ KKO

## နီပေါဝန်ကြီးချုပ် ကူးမားဒါဟဲလ် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်

**ဒေလီ မေ ၂၇**

နီပေါဝန်ကြီးချုပ် ပွတ်ရှ်ပါး ကူးမားဒါဟဲလ်သည် လာမည့်ရက်သတ္တပတ်အတွင်း အိန္ဒိယနိုင်ငံသို့ သွားရောက်မည် ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိန္ဒိယခရီးစဉ်အတွင်း နီပေါဝန်ကြီးချုပ်သည် အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးကိစ္စများ ဆွေးနွေးမည်ဖြစ်သည်။

ဝန်ကြီးချုပ် ကူးမားဒါဟဲလ်၏ အိန္ဒိယခရီးစဉ်သည် နီပေါနှင့် အိန္ဒိယနိုင်ငံတို့ကြား ကြာမြင့်စွာတည်တံ့ခဲ့သော နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာလာမည် ဖြစ်ကြောင်း နီပေါ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးစဉ်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း နီပေါဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခံခဲ့ရသော ကူးမားဒါဟဲလ်အတွက် ပထမဆုံး တရားဝင်ပြည်ပခရီးစဉ်ဖြစ်သည်။

သို့သော် ကူးမားဒါဟဲလ်သည် အိန္ဒိယနိုင်ငံသို့ နီပေါဝန်ကြီးချုပ်ဘဝဖြင့် သုံးကြိမ်ထိ ယခင်က ရောက်ရှိခဲ့ပြီးဖြစ်သည်။

အသက် ၆၈ နှစ်အရွယ် နီပေါဝန်ကြီးချုပ်သည် မေ ၃၁ ရက် စတင်မည့်လေးရက်ကြာ အိန္ဒိယခရီးစဉ်အတွင်း အိန္ဒိယသမ္မတဒရူပါဒီမာဖူးအပါအဝင် အခြားအိန္ဒိယထိပ်တန်းခေါင်းဆောင်များနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

KKO



## ရုရှားအခြေစိုက် ကလပ်ရှ်နီကော့ဗ် စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီ အသေခံမောင်းသူမဲ့လေယာဉ်များထုတ်လုပ်မှုကို မြှင့်တင်မည်



**မော်စကို မေ ၂၇**

ရုရှားအခြေစိုက် ကလပ်ရှ်နီကော့ဗ် စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီသည် အသေခံမောင်းသူမဲ့လေယာဉ်များ ထုတ်လုပ်မှုကို မြှင့်တင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မေ ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

အသေခံမောင်းသူမဲ့လေယာဉ်များသည် ယူကရိန်းစစ်ရေးပဋိပက္ခကာလအတွင်း ရုရှားနှင့် ယူကရိန်းနှစ်ဖက်စလုံးတွင်ကျယ်စွာ အသုံးပြုနေကြသော လက်နက်တစ်မျိုးဖြစ်သည်။

ယူကရိန်းစစ်ရေးပဋိပက္ခအစောပိုင်းကာလများအတွင်း ယူကရိန်းတပ်များက အနောက်အုပ်စုနိုင်ငံများ၊ အစ္စရေးနှင့် တူရကီထုတ်မောင်းသူမဲ့လေယာဉ်များကို အသုံးပြုလာချိန်တွင် ရုရှားနိုင်ငံကလည်း အီရန်နိုင်ငံထုတ် မောင်းသူမဲ့လေယာဉ်များ အသုံးပြုခဲ့ပြီး ပြည်တွင်း ထုတ်လုပ်မှုကိုလည်း မြှင့်တင်ရန် ကြိုးစားခဲ့သည်။

သို့သော် ကလပ်ရှ်နီကော့ဗ် စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် တိုက်ပွဲဝင်မောင်းသူမဲ့လေယာဉ်များထုတ်လုပ်မှုကို စတင်မြှင့်တင်မည်ဖြစ်ကြောင်း ကြေညာထားသည်။

ကလပ်ရှ်နီကော့ဗ်စစ်လက်နက်ထုတ်လုပ်ရေး ကုမ္ပဏီအနေဖြင့် အသေခံမောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များကို အဓိကထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ကလပ်ရှ်နီကော့ဗ်စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီသည် ကမ္ဘာ့အသုံးအများဆုံးလက်နက်ငယ်ဖြစ်သည့် ကလပ်ရှ်နီကော့ဗ် မောင်းပြန်ရိုင်ဖယ်များနှင့် ပဲ့ထိန်းစနစ်သုံး အမြောက်များ ထုတ်လုပ်နေသော ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်ရေတပ်လေယာဉ်တင်သင်္ဘော တရုတ်(တိုင်ပေ)ရေလက်ကြားကို ဖြတ်သန်း

**တိုင်ပေ မေ ၂၇**



တရုတ်ရေတပ်၏ ရှန်တောင်းလေယာဉ်တင်သင်္ဘောသည် အခြားစစ်သင်္ဘောနှစ်စီးနှင့်အတူ ယနေ့တွင် တရုတ်(တိုင်ပေ) ရေလက်ကြားကို ဖြတ်သန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရှန်တောင်း လေယာဉ်တင်သင်္ဘောနှင့် အခြံအရံစစ်သင်္ဘောများသည်တရုတ်(တိုင်ပေ) ရေလက်ကြားကို တောင်ဘက်စူးစူးအတိုင်း ခုတ်မောင်း ဖြတ်သန်းခဲ့ကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် တရုတ်(တိုင်ပေ)စစ်သင်္ဘောများနှင့် စစ်လေယာဉ်များက ရှန်တောင်းလေယာဉ်တင်သင်္ဘောနှင့်အခြံအရံစစ်သင်္ဘောများ၏ လှုပ်ရှားမှုကို စောင့်ကြည့်နေကြောင်း တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရှန်တောင်း လေယာဉ်တင်သင်္ဘော တရုတ်(တိုင်ပေ) ရေလက်ကြားကို ဖြတ်သန်းမှုနှင့်ပတ်သက်၍ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ရှန်တောင်း လေယာဉ်တင်သင်္ဘောသည် ပြီးခဲ့သည့်လအတွင်း တရုတ်(တိုင်ပေ) ပတ်ပတ်လည်၌ တရုတ်စစ်ဘက်က ပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုများ၌ ပါဝင်ခဲ့သည်။

ပြီးခဲ့သည့်နှစ် မတ်လကလည်း ရှန်တောင်းလေယာဉ်တင်သင်္ဘောသည် တရုတ်နှင့် အမေရိကန်သမ္မတတို့၏ဆွေးနွေးပွဲတစ်ပွဲ မတင်မီနာရီအနည်းငယ်အလိုတွင် တရုတ်(တိုင်ပေ) ရေလက်ကြားကို ဖြတ်သန်းအင်အားပြခဲ့ဖူးကြောင်း သိရသည်။ KKO

## မြောက်ကိုရီးယားခေါင်းဆောင်နှင့်တွေ့ဆုံဆွေးနွေးရန်ဆန္ဒရှိကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ ပြောကြား

**တိုကျို မေ ၂၇**

ပြန်ပေးဆွဲခံခဲ့ရသော ဂျပန်နိုင်ငံသားများအရေးကို ဖြေရှင်းရေးအတွက် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်နှင့်တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ယနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

တိုကျိုမြို့၌ ကျင်းပခဲ့သည့် အခမ်းအနားတစ်ခုတွင် ပြန်ပေးဆွဲခံခဲ့ရသော ဂျပန်နိုင်ငံသားများအရေးနှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြန်ပေးဆွဲခံရသည့် ဂျပန်နိုင်ငံသားများကိစ္စအတွက် မိမိအနေဖြင့် မည်သည့်ခြွင်းချက်မျှ မထားဘဲ မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်နှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးလိုကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်များအတွင်း မြောက်ကိုရီးယားနိုင်ငံ၏ ပြန်ပေးဆွဲခံခဲ့ရသော ဂျပန်နိုင်ငံသားများ ပြဿနာသည် ယနေ့ထိ မဖြေရှင်းနိုင်သေးသော ပြဿနာတစ်ရပ်ဖြစ်သည်။


ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ဂျပန်နိုင်ငံသား ၁၃ ဦးကို ပြန်ပေးဆွဲခဲ့ဖူးကြောင်း မြောက်ကိုရီးယားအစိုးရက ၂၀၀၂ ခုနှစ်တွင် ဝန်ခံထားသည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံကပြန်ပေးဆွဲခဲ့သည့် ဂျပန်နိုင်ငံသားများ အရေအတွက်မှာ ၁၇ ဦးထိ ရှိခဲ့ဟု ဂျပန်အစိုးရက ယုံကြည်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီ၏ တီဂျီအိုအင်္ဂါဂြိုဟ် လေ့လာရေးအာကာသယာဉ်က စကားဝှက်သတင်းစကားများကို ကမ္ဘာမြေဆီသို့ပေးပို့နိုင်ခဲ့



**ဝါရှင်တန် မေ ၂၇**

အခြားကမ္ဘာမှသက်ရှိများ ရှာဖွေရေး လုပ်ငန်းစဉ်စမ်းသပ်မှုတစ်ရပ်အဖြစ် လွှတ်တင်ခဲ့သော ရုရှားအာကာသအေဂျင်စီ၏ တီဂျီအိုအင်္ဂါဂြိုဟ် လေ့လာရေးအာကာသယာဉ်သည် စကားဝှက်သတင်းစကားများကို ကမ္ဘာမြေဆီသို့ ပေးပို့နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

တီဂျီအိုအင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်က ပို့လွှတ်ခဲ့ပြီး ၁၆ မိနစ်အကြာတွင် အဆိုပါစကားဝှက်သတင်းစကားများကို မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်စနစ်သုံးခုက ဖမ်းယူနိုင်ခဲ့သည်။

အဆိုပါစမ်းသပ်မှုကို အမေရိကန်နိုင်ငံအခြေစိုက် အာကာသစူးစမ်းလေ့လာရေးယာဉ်တစ်မျိုးဖြစ်သော SETI အင်စတီကျုက ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တီဂျီအို အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်က ပေးပို့ခဲ့သည့် စကားဝှက် သတင်းစကားများကို အမေရိကန်နိုင်ငံအခြေစိုက် ဂရင်းဘန့်စ်ရေဒီယို တယ်လီစကုပ်၊ SETI တယ်လီစကုပ်နှင့် အီတလီနိုင်ငံမြောက်ပိုင်းမှ မီဒီဘီနာရေဒီယို တယ်လီစကုပ်တို့က ဖမ်းယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါရေဒီယိုတယ်လီစကုပ်စခန်းများသည် တီဂျီအိုအာကာသယာဉ်သို့ လွှတ်သည့် စကားဝှက်သတင်းစကားများကို ဆက်လက်ဆန်းစစ်မည်ဖြစ်သည်။

အဆိုပါ စကားဝှက် သတင်းစကားများကို အနက်ဖော်ရာတွင် အများပြည်သူများလည်း ပါဝင်နိုင်ကြောင်း SETI အင်စတီကျု တာဝန်ရှိသူများက ပြောကြားသည်။

KKO

## ဟိမာလေယာဆောရပ်စ် ကျောက်ဖြစ်ရုပ်ကြွင်းများကို တိဗက်ကုန်းမြင့်ဒေသ၌ ရှာဖွေတွေ့ရှိထား


**ပေကျင်း မေ ၂၇**

ဟိမာလေယာဆောရပ်စ် (Himalayasaurs) ခေါ် ကမ္ဘာဦး ရေသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်သိပ္ပံပညာရှင်များက တိဗက်ကုန်းမြင့်ဒေသ၌ ရှာဖွေတွေ့ရှိထားကြောင်း ဆင်ဟွာသတင်းဌာနက မေ ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

ဟိမာလေယာ ဆောရပ်စ် ကျောက်ဖြစ် ရုပ်ကြွင်းများကို တိဗက်ကုန်းမြင့်ဒေသ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၄၀၀၀ ခန့်အမြင့်တွင် တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဟိမာလေယာဆောရပ်စ်များသည် လွန်ခဲ့သည့်နှစ်ပေါင်းသန်း ၂၁၀ ခန့်ကာလ မီဆိုဇိုးအစ်ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ဖူးသည့် ရေနက်ပိုင်းနေ ကမ္ဘာဦးသက်ရှိများဖြစ်ကြောင်း သိရသည်။

မိမိတို့တွေ့ရှိထားသည့် ဟိမာလေယာဆောရပ်စ်ကျောက်ဖြစ်ရုပ်ကြွင်းများသည် မီဆိုဇိုးအစ်ဘူမိခေတ်အတွင်း တိဗက်ကုန်းမြင့်ဒေသနေရာ၌ သက်ရှိများမည်သို့ ဆင့်ကဲပေါ်ထွက်လာသည်ကို လေ့လာရေးအတွက် အထောက်အကူပြုနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။




တရုတ်သိပ္ပံပညာရှင်များသည် ဟိမာလေယာဆောရပ်စ်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ၁၉၆၀ ပြည့်နှစ်ကပင် ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိခဲ့သည်။

ဟိမာလေယာ ဆောရပ်စ်များသည် ကိုယ်ထည်အလျား ၁၀ မီတာကျော်ထိရှိတတ်ပြီး ငါးနှင့်အခြားကျောရိုးမဲ့သတ္တဝါများကို စားသောက်ရှင်သန်တတ်ကြကြောင်း သိရသည်။

KKO

## တောင်ကိုရီးယားနိုင်ငံက ပြည်တွင်းထုတ် နူရီဒုံးပျံဖြင့် ဂြိုဟ်တုငယ်ရှစ်စင်းကို မေ ၂၅ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့

**ဆိုးလ် မေ ၂၇**

တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ပြည်တွင်းထုတ် နူရီဒုံးပျံဖြင့် ဂြိုဟ်တုငယ်ရှစ်စင်းကို မေ ၂၅ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၆ ရက်က ရေးသားတင်ပြထားသည်။

ကိုယ်ထည်အလျား ၁၅၅ ပေရှိသော ဒုံးယာဉ်သုံးဆင့်ပါ နူရီဒုံးပျံကို တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်း ကမ်းရိုးတန်းဒေသရှိ နာရိုအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးမကြာမီမှာပင် နူရီဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုငယ်ရှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တောင်ကိုရီးယား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယားနိုင်ငံသည် နူရီဒုံးပျံကို ၂၀၂၁ ခုနှစ် အောက်တိုဘာလက ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်ခြင်းမရှိခဲ့ပေ။

သို့ရာတွင် ၂၀၂၂ ခုနှစ် ဇွန်လတွင်ပြုလုပ်ခဲ့သည့် ပစ်လွှတ်မှုတွင်မူ နူရီဒုံးပျံသည် ဂြိုဟ်တုခြောက်စင်းကို ပတ်လမ်းပေါ်သို့အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

မေ ၂၅ ရက်မစ်ရှင်သည် နူရီဒုံးပျံအတွက် တတိယမြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အယ်ဇိုင်းမားရောဂါဖြစ်ပွားနေသူများတွင် ဝက်ရူးပြန်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်

**ပေကျင်း မေ ၂၇**

မျိုးဗီဇအရ အယ်ဇိုင်းမားရောဂါဖြစ်ပွားနေသူများတွင် ဝက်ရူးပြန်ရောဂါဖြစ်ပွားနိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

အယ်ဇိုင်းမားရောဂါရှိနေမှုသည် ဝက်ရူးပြန်ရောဂါဖြစ်နိုင်ခြေပုံမှန်ထက် ၅ ဒသမ ၃ ရာခိုင်နှုန်းပိုမြင့်မားလာနိုင်မှုနှင့် ဆက်စပ်နေကြောင်း တရုတ်နိုင်ငံ ကျိကျန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် အယ်ဇိုင်းမားရောဂါရှိနေသူများသည် Focal Epilepsy ခေါ် ဝက်ရူးပြန်ရောဂါပုံစံတစ်မျိုး ဖြစ်နိုင်ခြေ ၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ Focal Epilepsy ဝက်ရူးပြန်ရောဂါရှိနေသူများတွင်လည်း အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားနေတတ်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေနှင့် ဝက်ရူးပြန်ရောဂါဖြစ်နိုင်ခြေတို့ကြား မည်သို့မည်ပုံ အပြန်အလှန်ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးပေ။

တရုတ်သုတေသနပညာရှင်များသည် လူပေါင်း ၁၁၁၃၀၀ တို့၏ မျိုးဗီဇများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ငယ်ရွယ်ချိန် အရက်အလွန်အကျွံသောက်သူများ ကြွက်သားဆုံးရှုံးနိုင်ခြေ မြင့်မား

**ဒူဘိုင်း မေ ၂၇**

ငယ်ရွယ်ချိန် အရက်အလွန်အကျွံ သောက်သုံးသူများသည် အသက်ရလာချိန်တွင် ကြွက်သားများဆုံးရှုံးနိုင်ခြေ မြင့်မားနေတတ်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မေ ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ အိစ်အင်ဂျလီယာတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၃၇ နှစ်နှင့် ၇၃ နှစ်ကြား လူပေါင်း ၂၀၀၀၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှထွက်ပေါ်လာသည့် ရလဒ်များအရ အသက်ရလာချိန်၌ ကြွက်သားထုအနည်းဆုံးသူများသည် အသက်ငယ်စဉ်တွင် တစ်ရက်လျှင် ဝိုင်တစ်ပုလင်းစာနှင့်ညီမျှသည့် အယ်ကိုဟောကို ပုံမှန်သောက်သုံးခဲ့သူများဖြစ်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ငယ်ငယ်ရွယ်ရွယ်ဖြင့် အရက်အလွန်အကျွံ သောက်သုံးမှုနှင့် အသက်ရလာချိန် ကြွက်သားဆုံးရှုံးမှုတို့ကြား ဆက်စပ်မှုရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အရက်ကို သာမန်ထက်ပို၍ သောက်သုံးသူသည် ကြွက်သားထုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အယ်ကိုဟော အလွန်အကျွံသောက်သုံးမှုသည် ရောဂါဘယအများအပြား၏ ရောဂါနောက်ခံအကြောင်းတရား တစ်ရပ်ဖြစ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မန်စီးတီးအသင်းက ဂိုးသမားကာဆန်ကို တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို

**မန်ချက်စတာ မေ ၂၇**

မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဒုတိယဦးစားပေးဂိုးသမား ကာဆန်ကို လာမည့် ၂၀၂၄ ခုနှစ်ထိ တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း Manchestercity FC ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ ဂိုးသမားကာဆန်သည် ၂၀၁၉ ခုနှစ်က ဒါဘီအသင်းမှ အငှားစာချုပ်ဖြင့်ရောက်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ဒါဘီအသင်းနှင့် စာချုပ်ကုန်ဆုံးချိန်တွင် မန်စီးတီးအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့ကာ အသင်းတွင် ဂိုးသမားအန်ဒါဆန်၏နောက်တွင် ဒုတိယဦးစားပေးဂိုးသမားအဖြစ်သာပါဝင်၍ ပြိုင်ပွဲစုံတွင် နှစ်ပွဲသာကစားခွင့်ရထားသော်လည်း အသင်းတာဝန်ရှိသူများက လာမည့် ၂၀၂၄ ခုနှစ်ထိ တစ်နှစ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။

ဂိုးသမားကာဆန်က "မန်စီးတီးအသင်းမှာ လာမဲ့ဘောလုံးရာသီကုန်ထိ ဆက်နေခွင့်ရတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော်အနေနဲ့ ကမ္ဘာ့အဆင့်ကစားသမားတွေရှိနေတဲ့ အသင်းမှာနည်းပြဂွါဒီယိုလာနဲ့ လက်တွဲအလုပ်လုပ်ရတာပျော်ရွှင်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့အသင်းရဲ့ ဂိုးသမားတွေကို အပြည့်အဝကူညီနိုင်ဖို့အတွက် အမြဲမျှော်လင့်ထားတာပါ။ ဒါ့ပြင် ကျွန်တော့်ကိုလိုအပ်လာတဲ့အချိန်မှာ အသင်းအတွက် ပါဝင်ကစားပေးဖို့လဲ အသင့်ရှိနေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဂိုးသမားကာဆန်သည် ၎င်း၏ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၂၀၀၃ ခုနှစ်က လိဒ်အသင်းနှင့်စတင်ခဲ့ပြီးနောက် ၂၀၀၄ ခုနှစ်ဇန်နဝါရီလတွင် စတင်ပွဲထွက်ခွင့်ရရှိခဲ့ကာ လက်ရှိအချိန်ထိဘောလုံးရာသီ ၂၀ ဖြတ်သန်းခဲ့ရာတွင် လီဗာပူးအသင်း၊ ရှက်ဖီးလ်(W) အသင်း၊ အေဗီလာအသင်း၊ ဘူဆာစပေါ်အသင်း၊ ဝီဂန်အသင်းနှင့် ဒါဘီအသင်းတို့တွင် ပွဲပေါင်း ၅၁၆ ပွဲ ပါဝင်ကစားခဲ့ကြောင်း သိရသည်။

ML




**အီတလီစီးရီးအေ ပွဲစဉ် (၃၇) ရလဒ်**

| | | | |
|---|---|---|---|
| ဆလာနီတာနာ | ၃ | - ၂ | အူဒီးနီးစ် |
| စပီဇီယာ | ၀ | - ၄ | တိုရီနို |
| ဖီအိုရင်တီးနား | ၂ | - ၁ | ရိုးမား |

(ဝ၄ဝ)

## အားကစားသတင်း အတိုအထွာများ

- ❑ ဝုဖ်အသင်းကွင်းလယ်ကစားသမား မော်တင်ဟို လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာမည်ဟု နည်းပြ လိုပက်တီဂူ အတည်ပြုပြောကြားခဲ့သည်။
- ❑ အာဆင်နယ်အသင်းက ဂါလာတာစာရေး ခံစစ်ကစားသမား ဆာချာကို ယူရို ၂၅ သန်းဖြင့် ခေါ်ယူရန် အကြိုသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။
- ❑ ဥရောပထိပ်သီးကလပ်အသင်းများက ဆဲလ်ဘတ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကွင်းလယ်ကစားသမား လာလစ်ခ်ကို ခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် အသင်းတာဝန်ရှိသူများက ကစားသမားနှင့်သက်တမ်းတိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ ML

# ပရိသတ်များကိုထိန်းသိမ်းရန်ပျက်ကွက်မှုကြောင့် ဗလင်စီယာအသင်း အိမ်ကွင်းသုံးပွဲပိတ်ပင်ခံရ



**မက်ဒရစ် မေ ၂၇**

ပြီးခဲ့သည့် မေ ၂၁ ရက်က ကစားခဲ့သည့် ဗလင်စီယာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဗင်နီစီးယက်စ်ကို ဗလင်စီယာပရိသတ်များက လူမျိုးရေးခွဲခြားမှုပြုလုပ်ခဲ့သောကြောင့် စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ဗလင်စီယာအသင်းကို အိမ်ကွင်းသုံးပွဲကွင်းပိတ်ကစားရန်နှင့် ဒဏ်ငွေ ၂၇၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း Fot-mob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဗလင်စီယာအသင်းက တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သော်လည်း ပွဲပြီးဆုံးခါနီးတွင် ဗလင်စီယာအသင်းပရိသတ်များက ဗင်နီစီးယက်စ်ကို လူမျိုးရေးခွဲခြားသည့် စကားလုံးများဖြင့် အော်ဟစ်လှောင်ပြောင်မှုကို ကစားသမားက မကျေနပ်မှုဖြင့် ပြန်လည်တုံ့ပြန်ခဲ့သောကြောင့် အနီကတ်ပြထုတ်ပယ်ခံခဲ့ရပြီးနောက် ၎င်းက လူမျိုးရေးခွဲခြားမှုကိုအရေးယူပေးရန် အယူခံတင်သွင်းခဲ့ရာ စပိန်ဘောလုံးအဖွဲ့ချုပ်ကဗလင်စီယာအသင်းကို ပရိသတ်များအား ထိန်းသိမ်းရန်ပျက်ကွက်မှုကြောင့် အိမ်ကွင်းသုံးပွဲကွင်းပိတ်ကစားရန်နှင့် ငွေဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

လူမျိုးရေးခွဲခြားမှုကို လက်မခံသည့် စပိန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကနဦးတွင် ဗလင်စီယာအသင်းကို ငါးပွဲကွင်းပိတ်ပြစ်ဒဏ်နှင့် ဒဏ်ငွေ ယူရို ၄၅၀၀၀ ချမှတ်ရန်ဆုံးဖြတ်ခဲ့သော်လည်း ဗလင်စီယာအသင်း၏ အယူခံတင်သွင်းမှုကြောင့် ပြစ်ဒဏ်လျှော့ချခဲ့ခြင်းဖြစ်သည်။

ဗလင်စီယာ အသင်းသည် အမှတ်ပေးပြိုင်ပွဲ ၃၆ ပွဲကစားအပြီးတွင် ရမှတ် ၄၀ ရရှိခဲ့ကာ အဆင့် (၁၃) နေရာတွင် ရောက်ရှိခဲ့သော်လည်းယခုပြစ်ဒဏ်ကြောင့် လာမည့် မေ ၂၈ ရက်တွင် ကစားရမည့် အက်စ်ပန်ညိုအသင်းနှင့် အိမ်ကွင်းပွဲစဉ်အပါ လာမည့်ရာသီတွင်ကစားရမည့်အိမ်ကွင်းပွဲစဉ်နှစ်ပွဲကို ပရိသတ်ဝင်ရောက်ကြည့်ရှုခွင့် ရရှိမည်မဟုတ်ကြောင်း သိရသည်။ ML

# ဂျိနိုဗာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဘူလ်ဂေးရီးယားကစားသမား ဒီမီထရော့ဗ်တက်ရောက်

**ဂျီနိုဗာ မေ ၂၇**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပနေသည့် ဂျိနိုဗာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဘူလ်ဂေးရီးယား ကစားသမား ဒီမီထရော့ဗ်သည် အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဒီမီထရော့ဗ်က(၃-၆ ၊ ၇-၅၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ယခုနှစ်အတွင်းပထမဦးဆုံးအကြိမ် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီမီထရော့ဗ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် တေလာဖရစ်ဇ်ကို နောက်မှလိုက်ကစားခဲ့ရပြီး ပထမပွဲငယ်တွင် ဖြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် အကောင်းဆုံးပုံစံဖြင့် ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒီမီထရော့ဗ်က "ဆီမီးဖိုင်နယ်အဆင့်ဟာ ကျွန်တော့်အတွက် ဒီနှစ်အတွင်း တကယ်ခက်ခဲတဲ့ပွဲစဉ်ဖြစ်ခဲ့သလို ကျွန်တော့်အတွက် အကောင်းဆုံးတစ်ကျော့ပြန်အနိုင်ရခဲ့တဲ့ ပွဲစဉ်လဲဖြစ်ပါတယ်။ ပထမပွဲငယ်မှာ ဖြတ်သားတဲ့ရလဒ်နဲ့ရှုံးနိမ့်ခဲ့ရပေမဲ့လဲနောက်ကနေလိုက်ကစားပြီး အနိုင်ရလဒ်ရအောင် ကစားနိုင်ခဲ့တဲ့ အခြေအနေကို သဘောကျတယ်။ ကျွန်တော့်ရဲ့စိတ်ဓာတ်ပိုင်းအခြေအနေက အကောင်းဆုံးမှာရှိနေတယ်ဆိုတာကို ပြသနိုင်ခဲ့တယ်။ယခုနှစ်တင်းနစ်ရာသီအတွင်း ပထမဦးဆုံးသော ဆုဖလားကို ရယူနိုင်ဖို့ ခက်ခဲမဲ့ပွဲစဉ်တစ်ပွဲကိုဖြတ်သန်းနိုင်ဖို့ပဲကျန်တော့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# WBA(Super)၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်ကစားသမား ဒက်ပင်ဟန်နေးက ပရိုဂရိုက်စ်နှင့်ထိုးသတ်ရန်ကြိုးပမ်း

**ဝါရှင်တန် မေ ၂၇**

WBA(Super)၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဒက်ဗင်ဟန်နေးသည် ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် တစ်နိုင်ငံတည်းသား ကစားသမားတစ်ဦးပင်ဖြစ်သည့် ပရိုဂရိုက်စ်နှင့်ထိုးသတ်ရန် စိတ်ဝင်စားနေသည့်အတွက် နာမည်ကြီး Promoter ဖြစ်သူ အက်ဒီဟန်းဆီသို့ ဆက်သွယ်ခဲ့ကြောင်း Boxing News 24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒက်ဗင်ဟန်နေးသည် မေ ၂၀ ရက်တွင် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ယူကရိန်းလက်ဝှေ့သမား လိုမာချန်ကိုနှင့် ထိုးသတ်ခဲ့ပြီး အငြင်းပွားဖွယ်ရာဆုံးဖြတ်ချက်များဖြင့် လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ခဲ့သည်။

လိုမာချန်ကိုဘက်မှ အားကစားခုံသမာဓိရုံးတွင် အယူခံဝင်သွားရန် ပြင်ဆင်နေပြီး မကျေပွဲစဉ်ပြန်လည်ထိုးသတ်သွားရန် စီစဉ်လျက်ရှိသော်လည်း ဒက်ဗင်ဟန်နေးက မကျေပွဲစဉ် ထိုးသတ်ရေးထက် ပရိုဂရိုက်စ်နှင့် ထိုးသတ်သွားရန် စီစဉ်ခဲ့သည်။

ပရိုဂရိုက်စ်သည် လက်ရှိ WBC လိုက်ဝယ်သာဝိတ်တန်း ချန်ပီယံအဖြစ်ရပ်တည်နေသူဖြစ်ပြီး ဒက်ဗင်ဟန်နေးဘက်မှ တရားဝင်စိန်ခေါ်မှုပြုလုပ်လာပါက လက်ခံဖွယ်ရှိနေသည်။

ဒက်ဗင်ဟန်နေးသည် စိန်ခေါ်ပွဲထိုးသတ်ရန်အတွက် ပရိုဂရိုက်စ်အပါအဝင် ပြိုင်ဘက်သုံးဦးကိုရွေးချယ်ထားသည်။




အခြားသောပြိုင်ဘက်နှစ်ဦးမှာ WBA(Regular) လိုက်ဝိတ်တန်း ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဂါဗွန်တာနှင့် WBC၊ WBO ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်များကို ဆွတ်ခူးနိုင်ခဲ့ပြီး လိုက်ဝိတ်တန်းသို့ တက်လာသည့် အမေရိကန်လက်ဝှေ့သမားစတီဗင်ဆင်တို့ဖြစ်သည်။

၎င်းတို့သုံးဦးအနက် ပရိုဂရိုက်စ်နှင့်ထိုးသတ်သွားရန် ဒက်ဗင်ဟန်နေးက ဦးစားပေးဆွေးနွေးလျက်ရှိကြောင်း သိရသည်။ AZL

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ကချင်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်



**ရန်ကုန် မေ ၂၇**

မြန်မာနေရှင်နယ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကချင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ကချင်ယူနိုက်တက်အသင်း ခံစစ်ကစားသမားများ အမှားအယွင်းမရှိ ကစားနိုင်ခဲ့မှုကြောင့် အခက်တွေ့ခဲ့ပြီး ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ကစားခဲ့ရာတွင် ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ဖိအားပေး ကစားနိုင်ခဲ့သော်လည်း ကချင်ယူနိုက်တက်အသင်းက ခံစစ်ပိုင်း အားပြုကစားမှုများကြောင့် ရှမ်းယူနိုက်တက်အသင်းတိုက်စစ်ဆင်ရာတွင် အခက်တွေ့ခဲ့ပြီး ဂိုးသွင်းခွင့် အချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပွဲပြီးဆုံးချိန်ထိ နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အစောပိုင်းငါးပွဲကစားခဲ့ရာတွင် ငါးပွဲစလုံးအနိုင်ရရှိခဲ့သော်လည်း ကချင်ယူနိုက်တက်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ပြီး နိုင်ပွဲပျောက်ဆုံးခဲ့သည့်အတွက် နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့ရကြောင်း သိရသည်။

STA

# ယူ-၂၀ ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် ပါယက်ဇ် မှတ်တမ်းဝင်

**လန်ဒန် မေ ၂၇**

အီကွေဒေါယူ-၂၀ အသင်းကစားသမား ပါယက်ဇ်သည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အသက်အငယ်ဆုံးဂိုးသွင်းနိုင်သူအဖြစ် စံချိန်တင်နိုင်ခဲ့သည်ဟု One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိနေသည့် ၂၀၂၃ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် အီကွေဒေါအသင်းက ဖူဂျီအသင်းကို ကိုးဂိုးဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပါယက်ဇ်က အသင်းတွင် ပွဲချိန်ခုနစ်မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် စံချိန်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပါယက်ဇ်သည် အီကွေဒေါအသင်းနှင့် ဖူဂျီအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့်အချိန်တွင် ၎င်း၏ အသက်မှာ ၁၆ နှစ်နှင့် ၂၂ ရက်သာရှိသေးသည့်အတွက် ယူ-၂၀ ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် စံချိန်သစ်တင်ခဲ့ခြင်းဖြစ်သည်။

ပါယက်ဇ်သည် အီကွေဒေါကလပ် အင်နီပန့်ဒီယန့်ဘီအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၎င်းအနေဖြင့် အင်နီပန့်ဒီယန့်ဘီ လူငယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေကာ အနာဂတ်တွင်တောက်ပလာနိုင်သည့်လူငယ်ကစားသမားတစ်ဦးဖြစ်သည့်အတွက် ချဲလ်ဆီးအသင်းကခေါ်ယူရန် သဘောတူညီမှုရရှိထားသူဖြစ်ကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုနှင့် လူငယ်ကစားသမားဆုတို့ကို မန်စီးတီးအသင်းမှ ဟာလန်းရရှိ




**မန်ချက်စတာ မေ ၂၇**

၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုနှင့် တစ်နှစ်တာ လူငယ်အကောင်းဆုံး ကစားသမားဆုများကို မန်စီးတီးအသင်း တိုက်စစ်ကစားသမား ဟာလန်းကရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာလန်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့် ပထမဆုံး ဘောလုံးရာသီတွင် ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် တစ်နှစ်တာအကောင်းဆုံးဆုများကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟာလန်းသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၃၅ ပွဲကစားခဲ့ရာတွင် ၃၆ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ရှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် အသင်းဖော်ဒီဘရိုင်းနှင့်အာဆင်နယ်အသင်းမှ အိုဒီဂတ်တို့ကိုကျော်ဖြတ်ပြီး တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် တစ်နှစ်တာ အကောင်းဆုံးလူငယ်ကစားသမားဆုကိုလည်း အာဆင်နယ်အသင်းမှ ဆာကာကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဟာလန်းသည်အစောပိုင်းကလည်း အားကစားကလောင်ရှင်များက ရွေးချယ်ပေးအပ်ခဲ့သည့် FWA တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည့်အပြင် တစ်ရာသီသွင်းဂိုးအများဆုံးကစားသမားဆုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

STA

# မန်စီးတီးအသင်းက ကန်ဆယ်လိုကို ရောင်းချရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၄ သန်းထိလျှော့ချခဲ့

**မန်ချက်စတာ မေ ၂၇**

မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်ထိ ဘိုင်ယန်မြူးနစ်အသင်းတွင် အငှားချထားသည့် ခံစစ်ကစားသမားကန်ဆယ်လိုကို လာမည့်အပြောင်းအရွှေ့တွင် ရောင်းချလိုသောကြောင့် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၃၄ သန်းထိ လျှော့ချပေးခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်တောင်ပံခံစစ်ကစားသမားကန်ဆယ်လိုသည် ခြေစွမ်းပြကစားနေသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း နည်းပြဂွါဒီယိုလာက ဘယ်တောင်ပံခံစစ်ပိုင်းတွင် လူငယ်ကစားသမားရီကိုလူးဝစ်နှင့် နသန်အကီတို့ကိုသာ အသုံးပြုခဲ့ရာ ဆက်ဆံရေး အဆင်မပြေမှုများဖြစ်ပေါ်ခဲ့ပြီး ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ဘိုင်ယန်မြူးနစ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သည်။

ကန်ဆယ်လိုသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ပြိုင်ပွဲစုံပွဲ ၂၀ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး အသင်းတွင် ပုံမှန်ခြေစွမ်းရရှိရန် ရုန်းကန်နေရသောကြောင့် ဘိုင်ယန်မြူးနစ်အသင်းတာဝန်ရှိသူများက ကန်ဆယ်လိုကို အပြီးသတ်ဝယ်ယူရန် တရားဝင်ကမ်းလှမ်းမှုမလုပ်ခဲ့သဖြင့် မန်စီးတီးအသင်း တာဝန်ရှိသူများက ပြောင်းရွှေ့ကြေးလျှော့ချ၍ ရောင်းချရန်ဆုံးဖြတ်ခဲ့သည်။

လက်ရှိ အပြောင်းအရွှေ့ဈေးကွက်တွင် ကန်ဆယ်လိုသည် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၃ သန်းထိတန်ကြေးရှိသော်လည်း မန်စီးတီးအသင်းအနေဖြင့် ၎င်းကို မလိုအပ်တော့သည့်အတွက် စတာလင်ပေါင် ၃၄ သန်း ရရှိပါက လက်လွှတ်ရန် ဆုံးဖြတ်ထားပြီး ဘာစီလိုနာအသင်းက အပြောင်းအရွှေ့ဖွင့်လှစ်ပါက တရားဝင်ကမ်းလှမ်းရန် စီစဉ်နေကြောင်း သိရသည်။

ML

# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်ထိ ကျင်းပသွားမည်

**နေပြည်တော် မေ ၂၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးပြီး မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို လာမည့် မေ ၂၉ ရက်မှ ဇွန် ၂ ရက်ထိ ကျင်းပမည်ဖြစ်ပြီးအဆိုပါ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ Gold Medal ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် စီမံကိန်းနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးရဲလွင်က ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ပြောကြားခဲ့ပြီးနောက် ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများက အသီးသီး ဆွေးနွေးတင်ပြခဲ့သည်ကို ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက်ပြေးခုန်ပစ်ပြိုင်ပွဲ တာတို၊ အခုန်၊ အပစ်ပြိုင်ပွဲများတွင် ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ခုနစ်သောင်း၊ တတိယဆု ငါးသောင်း၊ မီတာ ၅၀၀၀၊ ၃၀၀၀၊ ၂၀၀၀ တားဆီးကျော်နှင့် လက်ဆင့်ကမ်းပြိုင်ပွဲများတွင် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်းနှင့် တတိယဆု ငွေကျပ် နှစ်သိန်း ချီးမြှင့်ပေးအပ်မည့်အပြင် အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ဆုဖလားကိုလည်း ချီးမြှင့်မည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈နှစ်အောက်ပြေးခုန်ပစ်ပြိုင်ပွဲကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၃၄)ရလဒ်

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၂ | - | ၂ | မိန့်ဇ် |
| ဖရန့်ဖတ် | ၂ | - | ၁ | ဖရိုင်းဘတ် |
| ကိုလုံး | ၁ | - | ၂ | ဘိုင်ယန်မြူးနစ် |
| လိုက်ပ်ဇစ် | ၄ | - | ၂ | ရှော်လ်ကေး |
| ယူနီယံဘာလင် | ၁ | - | ၀ | ဝါဒါဘရီမင် |
| ဘိုချန် | ၃ | - | ၀ | လေဗာကူဆင် |

(၀၄၀)

# တရုတ်-ပြင်သစ် နျူကလီးယားစွမ်းအင် ပူးပေါင်းဆောင်ရွက်မှု အလားအလာ

တရုတ်နှင့်အနောက်အုပ်စုတို့ကြား တင်းမာမှုမြင့်တက်နေချိန်တွင် တရုတ်နှင့်ပြင်သစ်တို့သည် ဧပြီ ၇ ရက်၌ အချက် ၅၁ ချက်ပါဝင်သော ပူးတွဲထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ပြင်သစ်သမ္မတ အင်မြူရယ်မက်ခရွန်၏ တရုတ်ခရီးစဉ်ပြီးဆုံးပြီးနောက် နှစ်နိုင်ငံကြား အပြန်အလှန်နိုင်ငံရေး ယုံကြည်မှုကို မြှင့်တင်နိုင်ခဲ့သည့်အပြင် အင်အားပြိုင်ဆိုင်မှုများကြား ဟန်ချက်ထိန်းညှိနိုင်ပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများဖြေရှင်းနိုင်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ပထဝီနိုင်ငံရေးသည် ကမ္ဘာ့အုပ်ချုပ်မှုပုံစံကို တဖြည်းဖြည်းပျက်ပြားလာစေလျက်ရှိသည်။ တရုတ်၊ အမေရိကန်နှင့် ဥရောပတို့အနေဖြင့် တရုတ်နှင့်အမေရိကန်ကြား ထိပ်တိုက်ရင်ဆိုင်မှုများ လုပ်ဆောင်နေသည်ထက် ခေါင်းဆောင်မှုအခန်းကဏ္ဍကို ပိုမိုပြသသင့်ပြီး တည်ငြိမ်အေးချမ်းသော သုံးပွင့်ဆိုင်အခြေအနေတစ်ရပ်သို့ ရောက်ရှိစေရန် တတိယနည်းလမ်းဖြင့် ချဉ်းကပ်သွားရန် လိုအပ်လာပြီဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သုံးဘက်စလုံးအနေဖြင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများဖြေရှင်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။

အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်သည် တရုတ်နှင့်ပြင်သစ်တို့ကို ပူးပေါင်းဆောင်ရွက်မှုနှင့် ယှဉ်ပြိုင်မှုကြား ဟန်ချက်ထိန်းညှိမှု ရှာဖွေနိုင်သော နယ်ပယ်တစ်ခုပင် ဖြစ်သည်။ အရပ်ဘက်သုံးနျူကလီးယားစွမ်းအင်သည် လွန်ခဲ့သောဆယ်စုနှစ် လေးခုအတွင်း တရုတ်-ပြင်သစ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးစားပေးနယ်ပယ်များအနက်မှ တစ်ခုပင်ဖြစ်သည်။ လက်ရှိအချိန်တွင်လည်း Generation III ဓာတ်ပေါင်းဖိုများနှင့်စပ်လျဉ်း၍ ၎င်းတို့၏ယှဉ်ပြိုင်မှုသည် တတိယပါတီဈေးကွက်များနှင့် ခေတ်မီနည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်ရေး အလားအလာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ပြီးခဲ့သော နှစ်လက ပြုလုပ်ခဲ့သည့် (၂၃)ကြိမ်မြောက် တရုတ်-ပြင်သစ် မဟာဗျူဟာမြောက် ဆွေးနွေးပွဲတွင် တရုတ်နှင့်ပြင်သစ်တို့သည် အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်၊ အာကာသစက်မှုလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီခဲ့သည်။ ၎င်းတို့အနေဖြင့် အာဖရိက၊ ဗဟိုဥရောပနှင့်ဥရောပအရှေ့ပိုင်းတို့တွင် အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်းကဲ့သို့သော စီမံကိန်းခုနစ်ခုအပါအဝင် တတိယပါတီဈေးကွက်၌ပူးပေါင်းဆောင်ရွက်သွားမည့် စီမံကိန်းပုံစံများဆိုင်ရာ စတုတ္ထမြောက် သဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။

အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်နယ်ပယ်တွင် တရုတ်-ပြင်သစ် ပူးပေါင်းဆောင်ရွက်မှုသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကတည်းက စတင်ဆောင်ရွက်လျက်ရှိရာ နည်းပညာဆိုင်ရာသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုလုပ်ငန်းထောက်ပံ့ရေးကွင်းဆက်များ၊ လူပုဂ္ဂိုလ်လေ့ကျင့်သင်တန်းပေးခြင်းစသည့်နယ်ပယ်များပါဝင်သည်။ နျူကလီးယားစွမ်းအင်အသုံးပြုမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ပထမဆုံးသဘောတူညီချက်ကို ၁၉၈၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ရာ သုတေသန၊ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှုနှင့် နျူကလီးယားစွမ်းအင်အသုံးပြုမှုတို့ လွှမ်းခြုံပါဝင်သည်။

လက်ရှိအချိန်တွင် တရုတ်နှင့်ပြင်သစ်တို့သည် နျူကလီးယားစွမ်းအင်နည်းပညာ၊ ထောက်ပံ့ရေး ကွင်းဆက်နှင့် ဈေးကွက်တို့တွင် နီးကပ်သောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားရှိသည်။ ပြင်သစ်၏ နျူကလီးယားနည်းပညာသည် တရုတ်နိုင်ငံ၏ တတိယမျိုးဆက်နျူကလီးယား စွမ်းအင်နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် တရုတ် Guangdong Nuclear Corporation




(CGNPC) သည် M310 နျူကလီးယားစွမ်းအင်စက်ရုံကိုတင်သွင်းခဲ့ပြီး တရုတ်၏ ပထမဆုံးနျူကလီးယားစွမ်းအင်ဒီဇိုင်းပုံစံကို တည်ဆောက်ခဲ့သည်။

လက်ရှိအချိန်တွင် ပြင်သစ်နျူကလီးယားစွမ်းအင်စက်မှုလုပ်ငန်းသည် တရုတ်နိုင်ငံအတွက် အဓိကကျသော စက်အစိတ်အပိုင်းများကို ဆက်လက်ထောက်ပံ့ပေးလျက်ရှိသည်။ သာဓကအနေဖြင့်ပြင်သစ် Famatron AREVA Thermomont သည် တရုတ်၏ နျူကလီးယားစွမ်းအင်ဆိုင်ရာ စက်ရုံများအတွက် များစွာအရေးပါလျက်ရှိသည်။ တရုတ်နျူကလီးယားစက်ရုံများ ပုံမှန်လည်ပတ်ရေးအတွက် ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်များထံမှ နည်းပညာအထောက်အပံ့များ လိုအပ်သည်။ CGNPC သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ပြင်သစ် Famatron အပါအဝင် ကမ္ဘာ့နျူကလီးယားကုမ္ပဏီကြီးများနှင့် အမေရိကန်ဒေါ်လာ ၅၇၂ သန်း တန်ဖိုးရှိသော ကန်ထရိုက်စာချုပ်များ လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် ပြင်သစ်လျှပ်စစ်ကုမ္ပဏီ (EDF)သည် တရုတ်၏ စွမ်းအင်ကဏ္ဍတွင် အဓိကကျသောပြည်ပရင်းနှီးမြှုပ်နှံသူဖြစ်သည်။ EDF သည် ယူနစ်ခြောက်ခုပါဝင်သော နျူကလီးယားစက်ရုံ သုံးရုံ တည်ဆောက်ရန် တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တရုတ်နှင့်ပြင်သစ်တို့သည် နျူကလီးယားစက်မှုလုပ်ငန်းတွင် ယှဉ်ပြိုင်လျက်ရှိသည့်အပြင် တတိယပါတီဈေးကွက်များသို့တိုးချဲ့ရန် အရေးပါသောမိတ်ဖက်များအဖြစ် ဆက်လက်တည်ရှိလျက်ရှိသည်။ နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်ခြင်းသည်ဘဏ္ဍာရေးနှင့် နည်းပညာ အထောက်အပံ့များစွာလိုအပ်လျက်ရှိသည်။ ဆိုလိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် နိုင်ငံတစ်နိုင်ငံတည်းဖြင့် စွမ်းဆောင်နိုင်စွမ်းမရှိသောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးကွက်တွင် ပူးပေါင်းဆောင်ရွက်မှုသည် ကုမ္ပဏီများ၏ ယှဉ်ပြိုင်နိုင်စွမ်းအားကို ဆက်လက်ထိန်းသိမ်းနိုင်စေသည်။

မည်သို့ပင်ဆိုစေ ပြင်သစ်သည် တတိယပါတီဈေးကွက်များတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းကို အလွယ်တကူလက်လွှတ်သွားမည်မဟုတ်ချေ။ အထူးသဖြင့် နျူကလီးယားစွမ်းအင်ဈေးကွက်သည် ပိုးလမ်းမတစ်လျှောက်ရှိ အိမ်နီးချင်းနိုင်ငံများတွင် အလားအလာပိုမိုကောင်းမွန်လျက်ရှိသည်။ ၂၀၃၀ ပြည့်နှစ်တွင် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI)၌ ပါဝင်သည့်နိုင်ငံများတွင် နျူကလီးယားယူနစ် ၁၀၇ ခုထိ တည်ဆောက်သွားရန် အဆိုပြုထားသည်။ ၎င်းစက်ရုံများသည် နျူကလီးယားစွမ်းအင် ကီလိုဝပ် ၁၁၇ သန်းထိ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့နျူကလီးယားဈေးကွက်၏ ၈၁ ဒသမ ၄ ရာခိုင်နှုန်းထိ ရှိလာမည်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ဥရောပနိုင်ငံများသည် နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်မှုတွင် သဘောထားကွဲလွဲလျက်ရှိသည်။ ပြင်သစ်သည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် နျူကလီးယားစွမ်းအင်မြှင့်တင်ရေးကြိုးပမ်းရာ၌ နှောင့်ယှက်မှုများနှင့် ကြုံတွေ့ရလျက်ရှိသည်။ ဂျာမနီနှင့်စပိန်တို့သည် ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရည်မှန်းချက်များမှ နျူကလီးယားစွမ်းအင်ကို ချန်လှပ်ထားရှိရန် အခိုင်အမာပြောဆိုလျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ နှောင်းပိုင်းတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ စွမ်းအင်ဝန်ကြီးများ၏ အစည်းအဝေး၌ ပြင်သစ်စွမ်းအင်ဝန်ကြီးသည် ဂျာမနီစွမ်းအင်ဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေးခဲ့သော်လည်း မတူကွဲပြားမှုများအပေါ် အဖြေရှာဖွေနိုင်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ပြင်သစ်၏ ရည်မှန်းချက်များ ရှိနေသည့်တိုင်အောင် ဥရောပနျူကလီးယားစွမ်းအင်ဈေးကွက်သည် မသေချာမရေရာ ဖြစ်နေဆဲပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ နျူကလီးယားစွမ်းအင်ပိုင်ဆိုင်ထားသော တရုတ်နှင့်ပြင်သစ်တို့သည် တည်ရှိပြီး နျူကလီးယားနည်းပညာနှင့် စတုတ္ထမျိုးဆက် နျူကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတူတကွ လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ အချို့သော ကုမ္ပဏီများ၏ Generation IV နည်းပညာသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ အရောင်းဈေးကွက်အတွင်းသို့ ရောက်ရှိမည်ဟုခန့်မှန်းထားရှိသည်။ သို့သော် ပြင်သစ်သည် ဘဏ္ဍာငွေအခက်အခဲကြောင့် Generation IV ဓာတ်ပေါင်းဖိုများဖွံ့ဖြိုးတိုးတက်မှုတွင် တရုတ်နိုင်ငံထက် အနည်းငယ် နောက်ကျဖွယ်ရာရှိနေသည်။

ပြင်သစ် EDF အနေဖြင့်လည်း တရုတ်နိုင်ငံ၏ နျူကလီးယားပညာဆိုင်ရာမဟာဗျူဟာသိပ္ပံ (CINIS) နှင့် ပညာတော်သင်အပြန်အလှန်စေလွှတ်မှုကို အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ CINIS နှင့် EDF တို့သည် သုတေသနလုပ်ငန်းများကို အတူတကွ ဆောင်ရွက်လျက်ရှိပြီး ကာဗွန်လျှော့ချနိုင်ရေးအတွက် နျူကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတွင် အပြန်အလှန်မျှဝေမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာအောင်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နှင့်ပြင်သစ်တို့သည် နည်းပညာနယ်ပယ်စုံတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများကိုအခြေခံလျက် Generation IV နှင့်ဆက်နွယ်သော နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ထိန်းသိမ်းထားရှိဆဲပင်ဖြစ်သည်။

ဆိုရလျှင် ပူးပေါင်းဆောင်ရွက်မှုနှင့်ယှဉ်ပြိုင်မှုကြား ဟန်ချက်ထိန်းညှိမှုသည် တရုတ်-ပြင်သစ် အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်ဆိုင်ရာဆက်ဆံရေး၌ များစွာအရေးပါလျက်ရှိသည့်အပြင် တရုတ်၊ ဥရောပနှင့် အမေရိကန်တို့ကြား တည်ငြိမ်သော ဆက်ဆံရေးကိုလည်း ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ပြင်သစ်နှင့်တရုတ်တို့သည် Generation III နျူကလီးယားနည်းပညာ လွှမ်းမိုးထားသော ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်မှုရှိနေသည့်တိုင်အောင် တတိယပါတီဈေးကွက်များနှင့် Generation IV နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုအလားအလာကို ဆက်လက်ထိန်းသိမ်းထားရှိသည်။ တရုတ်-ပြင်သစ် နှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန် နိုင်ငံရေးယုံကြည်မှုနှင့် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးမြှင့်တင်မှုတို့တွင် ပိုမိုခိုင်မာအားကောင်းလာအောင်ဆောင်ရွက်သွားမည်ဆိုသည့် ခိုင်မာသော ဆုံးဖြတ်ချက် ချမှတ်ထားသဖြင့် အင်အားပြိုင်ဆိုင်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် သာဓကတစ်ရပ်ပင် ဖြစ်ပေသည်။

**ကိုးကား**

- **Nuclear Energy Has Becomes One of the Priorities in China-France Cooperation by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# ရေနံချောင်းမြို့နယ် အလယ်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**ရေနံချောင်း မေ ၂၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် မေ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အလယ်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ လက်ရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တိရစ္ဆာန်များအတွက် ရေရယူသုံးစွဲမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်ကျေးရွာမှ တာဝန်ရှိသူများကို ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အလယ်ကန်ကျေးရွာ၌ အလျား ၂၄၉ ပေ၊ အနံ ၂၄၉ ပေ၊ အမြင့် ငါးပေရှိ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများကို တင်ပြထားပြီးဖြစ်ကြောင်း၊ မြေသားရေကန် တူးဖော်ပြီးစီးပါက အလယ်ကန်ကျေးရွာ ရှိ အိမ်ခြေ ၇၃ အိမ်၊ လူ ၄၀၉ ဦးနှင့် တိရစ္ဆာန်များ သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နှံ့ယဉ်**

# ပဟန်းမြို့နယ် Mandalay Art Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာ ငါးဦး၏ ရေဆေးပန်းချီကားများကို အွန်လိုင်းပန်းချီပြပွဲ ပြသနေ



**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Mandalay Art Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာ ငါးဦး၏ ရေဆေးသီးသန့် ပန်းချီလက်ရာများကို ယနေ့မှစ၍ အွန်လိုင်းပန်းချီပြပွဲ ပြသနေကြောင်း အဆိုပါပြပွဲကိုစီစဉ်သူ ပန်းချီကားစုဆောင်းသူ ဓာတ်ပုံ ကိုနိုင်ဝင်းထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာ ငါးဦးဖြစ်သည့် ပန်းချီ လှဟန်၊ ပန်းချီ တင်အောင်ထိုက်၊ ပန်းချီ မာလာ၊ ပန်းချီ ဟန်ထွန်းအောင်၊ ပန်းချီ ခင်မောင်စန်းတို့၏ စိတ်ကြိုက်ရေးဆွဲထားသည့် ရေဆေးပန်းချီကား ၁၀၀ ကို ယနေ့မှစ၍ မေ ၃၁ ရက်ထိ ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ရေဆေးသီးသန့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ လောက်ကတည်းက ကျွန်တော်စုစည်းထားတဲ့ ပန်းချီကားတွေထဲက ရေဆေးသီးသန့် ပန်းချီကား ၁၀၀ လောက်ကို ပြသရောင်းချပေးတာ ဖြစ်ပါတယ်။ အများစုကတော့ ပန်းချီဆရာ ဦးမာလာရဲ့ပန်းချီကားတွေ များပါတယ်။ ဒုတိယအများဆုံးကတော့ ဦးလှဟန်ရဲ့ ပန်းချီကားတွေဖြစ်ပါတယ်"ဟု ဓာတ်ပုံ ကိုနိုင်ဝင်းထွန်းက ပြောပြသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄ × ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ငါးသိန်းမှ ငွေကျပ် သိန်း ၅၀ ထိ ဖြစ်ကြောင်း သိရသည်။

ASH

# Bad Boys-4 ဇာတ်ကားတွင် မင်းသမီး ရီယာဆီးဟွန်း သရုပ်ဆောင်မည်

**နယူးယောက် မေ ၂၇**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Bad Boys-4 ဇာတ်ကားတွင် Better Call Saul ဇာတ်လမ်းတွဲမင်းသမီး ရီယာဆီးဟွန်းလည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

Bad Boys-4 ဇာတ်ကားတွင် မင်းသမီး ရီယာဆီးဟွန်းသည် မင်းသား ဝီစမစ်၊ မာတင်လော့ရင့်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Bad Boys-4 ဇာတ်ကား၌ ရီယာဆီးဟွန်း သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း၊ လက်ရှိအချိန်တွင် Bad Boys-4 ဇာတ်ကားရိုက်ကူးရေး လုပ်ငန်းကို အမေရိကန်နိုင်ငံ အတ္တလန္တာမြို့၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

Bad Boys-4 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ်ဘရမ်မာက ရေးသားပေးထားပြီး ဒါရိုက်တာ အဒီးအယ်အာဘီနှင့် ဘီလားဖာလားတို့က တာဝန်ယူရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၄ ခုနှစ်အတွင်း ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO



# အစ်ကိုကြီး အဖအရာ ဇာတ်ကားကို Sky Net၊ ကြယ်တံခွန် You Tube Channel၊ NHN Application မှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် မေ ၂၇**

အစ်ကိုကြီး အဖအရာ ရုပ်ရှင်ဇာတ်ကားကို လာမည့်ဇွန်လတွင် Sky Net ရုပ်သံလိုင်းနှင့် ကြယ်တံခွန် You Tube Channel၊ NHN Application မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို စီစဉ်ထုတ်လုပ်သူနှင့် ဒါရိုက်တာ သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

အစ်ကိုကြီး အဖအရာ ရုပ်ရှင်ဇာတ်ကားသည် တစ်ပိုင်းတည်းအပြီး ဇာတ်ကားဖြစ်ပြီး ဇွန်လ တတိယပတ်အတွင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"လူငယ်တွေအတွက် အချစ်နဲ့ဘဝ အောင်မြင်မှုဆိုင်ရာပညာပေး ဇာတ်ကားလေးကိုတော့ ကျွန်တော်ရဲ့ကိုယ်ပိုင် ကြယ်တံခွန် You Tube Channel ကနေ ဇွန်လ တတိယပတ်အတွင်းမှာ အခမဲ့ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ဒါပြင်




Sky Net ရုပ်သံလိုင်းကလဲ ဇွန်လကုန်လောက်မှာ ထုတ်လွှင့်သွားမှာပါ။ ဒီဇာတ်ကားကို ထိုင်းနိုင်ငံထိ သွားရောက်ရိုက်ကူးထားတာဖြစ်ပါတယ်"ဟု သရုပ်ဆောင် ဒါရိုက်တာ နေထူးနိုင်က ပြောပြသည်။

အစ်ကိုကြီး အဖအရာ ရုပ်ရှင်ဇာတ်ကားသည် စိုးခန့် (ကြို့ပင်ကောက်)၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာ သရုပ်ဆောင် နေထူးနိုင်က ဖန်တီးတင်ဆက်ထားခြင်းဖြစ်ပြီး သရုပ်ဆောင် နေထူးနိုင်၊ နေထက်နိုင်၊ ရဝိန်၊ ဇွန်သီရိမောင်၊ မင်းဇော်လေး၊ ရန်လင်းအောင်၊ တင့်နိုင်ဝင်း၊ ထက်နိုင်ဦး၊ အောင်ကျော်မိုး စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Cinderella's Curse ဇာတ်ကားကို Cham Dog Film က ရိုက်ကူးမည်

**နယူးယောက် မေ ၂၇**

ကမ္ဘာကျော် စင်ဒရဲလားပုံပြင်ကိုမှီငြမ်းထားသည့် Cinderella's Curse ထိတ်လန့်သည်းဖို့ဇာတ်ကားကို Cham Dog Film ရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

Cinderella's Curse အမည်ရှိ အဆိုပါထိတ်လန့်သည်းဖို့ဇာတ်ကားကို လီဗာဝါရန့်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Cinderella's Curse ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ်အသေးစိတ်ကို Cham Dog Film ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Cinderella's Curse ဇာတ်ကားတွင် မင်းသမီး ကယ်လီရိုင်ယန်ဆန်ဆွန်၊ ခရစ်ဆီဝန်နာနှင့် ဒန်နီယယ်စကော့တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဟာရီဘော့စလေက ရေးသားပေးထားသည်။

အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို လာမည့်ဇွန်လအတွင်း ဗြိတိန်နိုင်ငံ၌ စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO



# ချစ်ကြွေးဝိညာဉ် ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၁၅ ရက်တွင် fortune tv ရုပ်သံလိုင်းက ထုတ်လွှင့်ပြသမည်

**ရန်ကုန် မေ ၂၇**

ချစ်ကြွေးဝိညာဉ် ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၁၅ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၈ နာရီတွင် fortune tv ရုပ်သံလိုင်းက ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ ကျော်နှင်းဆီက ပြောပြ၍ သိရသည်။

ချစ်ကြွေးဝိညာဉ် ရုပ်သံဇာတ်လမ်းတွဲသည် အပိုင်း (၁၆) ပိုင်းပါဝင်သည့် ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး နေထွဋ်နောင်၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ရုပ်သံဇာတ်လမ်းတွဲအဖြစ် ဒါရိုက်တာ ကျော်နှင်းဆီက ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဇွန် ၁၅ ရက်မှ စပြီးတော့ fortune tv ရုပ်သံလိုင်းက ထုတ်လွှင့်မဲ့ ချစ်ကြွေးဝိညာဉ် ရုပ်သံဇာတ်လမ်းတွဲက Horror Movie အမျိုးအစားဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲထဲမှာ ဇာတ်လမ်းသဘောအရ သဘာဝလွန်ဖန်တီးတင်ပြချက်တွေ အများအပြားပါဝင်မှာဖြစ်ပါတယ်။ ယုတ္တိသဘာဝအမြင်ထက် ဖျော်ဖြေရေးအမြင်နဲ့သာ ကြည့်ရှုအားပေးကြပါလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ ကျော်နှင်းဆီက ပြောပြသည်။

ချစ်ကြွေးဝိညာဉ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ချမ်းမင်းရဲထွဋ်၊ နန်းဆုဦး၊ သင်ဇာမြင့်မိုရ်တို့အပြင် ဝါရင့်ဇာတ်ပို့ သရုပ်ဆောင်များအဖြစ် စိုးမိုးကြည်၊ ညီညီမင်း၊ ညီဂျော် စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Central Committee for Development of MSMEs holds meeting 1/2023; Chairman of the central committee Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address



Senior General Min Aung Hlaing addresses meeting 1/2023 of Central Committee for Development of MSMEs.

**Nay Pyi Taw May 27**

Central Committee for Development of MSMEs held meeting 1/2023 at State Administration Council Chairman's Office this afternoon addressed by Chairman of the central committee Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of the central committee SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Deputy Prime Minister Union Minister U Win Shein, union ministers, the Nay Pyi Taw Council chair, the governor of Central Bank of Myanmar, deputy ministers, the Myanmar Banks Association chair, the patron of Federation of Myanmar Engineering Societies, the general secretary of Union of Myanmar Federation of Chambers of Commerce and Industry and officials. Chief ministers of regions and states took part in it through video conferencing.

In his opening address, the Senior General said by supporting MSMEs, which is the core of national and economic development and which ensures quick benefits, will enhance the driving force of economy, as majority of businesses in Myanmar are at MSME level. Increase in imports leads to a deficit in the country's budget. Raw materials, inputs, capital and human resources are the main requirements of MSMEs. Production business needs raw materials. Quality control of products will significantly increase local sales and exports. Moreover, MSMEs are the core of production industry.

Over 70% of nation's population is rural people, and majority of them are engaged in agriculture. The second largest portion of the rural people is in the breeding industry. So, products of the farming industry are the raw materials of MSMEs.

Essential goods must be imported, but goods, especially foodstuff, that are also being manufactured in the country should not be imported. Due to the weaknesses, the country can produce fewer amount of exportable goods, and it is one of the undesirable reasons behind the country's low export volume. Promotion of the production industry or the local economy, manufacturing of import substitute goods and export growth are the basic factors to support MSMEs. Hence, MSMEs that rely on promising raw materials should be mainly encouraged. They include businesses that produce edible oil, goods based on rice and broken-rice, tapioca, rubber, cotton, coffee and tea, wood, rattan, bamboo, and meat and fish, and feed industry. There are other multiple production fields and region-wise unique products. Effectiveness of the said businesses will generate job opportunities and increase nation's earnings by developing the production sector.

The country will be able to import more fuel and chemical fertilizers if it can increase exports. There were reports on electricity requirements at the visited places. As regards electricity, the successive governments have adopted plans. Electricity production sector is facing delays due to the abolishment and postponement of the plans under various reasons. So, bold action must be taken and short-, medium- and long-term projects must be adopted. Production and distribution of foodstuff and personal goods locally at fair prices will benefit the country a lot and help reduce foreign exchange expenditure. The quality of some of the MSME goods coming into the country from neighbours is not so high. They can be manufactured locally.

More jobs will appear and technology can be acquired by linking MSMEs with heavy industries, inviting foreign investments, especially for the production industry, encouraging farming-based production businesses, and textile and garment businesses. Labour intensive businesses like CMP garment factories will generate job opportunities and increase per capita income. MSMEs will be able to provide the required raw materials and some parts for production industries set up with foreign investment.

During regional visits, there were reports about land availability. The reply is that there is no reason to grant land when regional administrative bodies concerned inform about it as the instruction has been given to use land for farming, not for other purposes. The region and state chief ministers need to invite ethnic entrepreneurs to engage in manufacturing goods by establishing livestock breeding and industrial zones.

When it comes to capital and investment, it is necessary to give MSME loans in accord with the management and financial procedures, avoid giving repeated loans to same businesspersons, ensure the loans are settled in due course, use the loans effectively and prevent any loss and waste. Meanwhile, loan policies should be considered. To help improve the national economy, Ks400 billion has been allotted to the regions and states for their regional development measures. They are also found to be engaging in infrastructural development, manufacturing activities and MSME businesses. They are therefore urged to continue their efforts with added momentum.

MSMEs have their strong points as well as weak points. Barriers are lack of sound business environs and enough modern infrastructures, hesitant entrepreneurship, insufficient investment, use of traditional technology, lack of research development, innovation and aid, and inability to efficiently use research results.

For MSME development, there are four major economic conditions: reduction in difficulties and barriers, easy and smooth investment flow, improving education and entrepreneurship, reaching a status of international supply chain through good news networks and information networks.

Moreover, digital transformation plays an import role in MSME development. To catch up with the ASEAN countries, our country, based on the prevailing conditions, need to act a quick and correct manner. The central committee itself will render assistance for the emergence of digital economy.

Committee Vice Chairman SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win explained the formation of the central committee and work committees and measures for MSME development.

Next, Committee Secretary Union Minister for Industry Dr Charlie Than reported progress in implementation of the resolutions of the committee's meeting (1/2022) and ongoing and continued tasks.

Then, committee member Deputy Prime Minister Union Minister U Win Shein, union ministers, region and state chief ministers, Nay Pyi Taw Council chairman, the governor of Central Bank of Myanmar, deputy ministers, the chairman of Myanmar Banks Association, the patron of Myanmar Engineers Federation, and the secretary general of the Union of Myanmar Federation of Chambers of Commerce and Industry reported respective tasks by relevant ministries and organizations and thier future plans.

Then, the Senior General called for cooperation between relevant ministries, respective regions and states and partner organizations in the efforts for encouraging production of domestic goods, encouraging MSMEs for import substitute, boosting production of export items, ensuring strong land policy, ensuring that farmlands are efficiently used and

*See Page 13*

# 109 universities and schools and 30 hospitals and staff housings under repair in Sittway



Photo shows a road in Sittway with debris after cyclone Mocha.

**Sittway May 27**

It is started to repair 109 Sittway University of Computer Studies, Sittway Government Technical High Schools and basic education schools as well as 30 hospitals and staff housings in Sittway Township, said U Nay Lin, Chairman of the Mocha-hit rehabilitation management committee formed by Myanmar Licensed Contractors Association-MLCA.

MLCA joins hand with partner organizations in repairing damaged hospitals and schools as from 24 May.

"We have to repair 109 Sittway University of Computer Studies, Sittway Government Technical High School and basic education schools damaged by Mocha. Moreover, we will repair 30 buildings of hospitals and staff housings. Arrangements are being made to donate K1.5 billion worth of 100,000 CI sheets and related accessories," said U Nay Lin.

Moreover, the association plans to serve the people with meals in the regions where food sufficiency will be shortage, and it will cover 10,000 people per day.

ASH

# Dried chillies of Myanmar fetch K12,500 per viss in Myawady market

**Mandalay May 27**

Myanmar's product dried chillies fetch K12,500 per viss in Myawady market this year, said Chair Daw Ohnma Kyaw of Chilli Market and Technical Development Association.

Dried chillies are sent to Myawady market in the aftermath of cyclonic storm Mocha, getting good prices. In this regard, merchants collect dried chillies from various regions and send five truckloads of dried chillies to Myawady market on a daily basis. Hence, the product gets K12,500 per viss

"This year, chilli plantations were damaged in heavy rains in Ayeyawady Region this year. So, export of chilli was suspended. At present, dried chillies are sent to the market in open season. It is expected some K500 per day may increase for sale of dried chillies in the market. Farmers and merchants collect chillies from various regions and send it to Myawady market. We will export dried chillies to China. At present, the stocks lead to Myawady market," said the chair.

Currently, arrangements are being made to continuously send dried chillies to Myawady. Chilli is grown in Ayeyawady Region, Shan State, Magway, Ngaphe, Thazi, Kyaukse, Kume, Myittha, Hanmyintmo, Yamethin and Monywa. 185



Dried chili being packaged by workers.

# Loans disbursed to purchase three tractors to farmers in three townships in 2022-23 FY

**Mandalay May 27**

Loans will be disbursed to local farmers from three townships in order to buy three tractors through JICA (Two Step Loan) in 2023-24 financial year, said Mandalay Region Manager U Soe Ko Ko Win of Myanmar Agricultural Development Bank.

MADB and JICA cooperated with each other in issuance of K24 million to local farmers from Kyaukse, Singaing and Myittha townships of Mandalay Region to purchase three tractors so as to transform manual to mechanized farming.

"In a bid to help the local farmers initiate the mechanized farming, loans will contribute to them. If so, their living standard will improve. Loans were disbursed to them at soft interest rate. Last year, we issued loans to local farmers to buy three tractors worth K70 million each. So, farmers use the tractors in their farming works with getting high benefit," said the region manager.

Using agricultural machinery helps local farmers carry out farming works in time. They can do farming works on time, minimizing loss and waste in crop harvesting. Consequently, they can lessen use of human resources and overcome challenges of labour shortages. 185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

not used for other purposes, forming manufacturing cooperative associations as quickly as possible, systematically managing and tapping aboveground and underground and under water resources, improving communication system for public information, operating more trains and vessels smoothly and safely which are a major transport mode, publishing news that are easy for public understanding and encouraging domestic production to help improve the national economy.

Success in business will enable the country to effectively carry out other tasks as economy is the main driving force for national development.

The reports presented at the meeting indicate advantages and disadvantages. Advice has been given to solve some the issues immediately, but others need time and future coordination. Powers are shared with region and state governments in accord with the Constitution. Powers are entrusted in accord with the tables 1, 2 and 3. The Union ensures equality among all regions and states. Region/state governments should set up businesses that are suitable with their situation. As geographical conditions are different from one another, different areas produce different raw materials. The decision of the local governments is required to use area-wise raw materials and carry out area-wise production businesses.

The main duty of Union for the production industry is to narrow the education gap and to develop human resources. Regions and states must also do the same. High education gap can hurt MSMEs as well as national development. Hence, education level and technological knowledge must be enhanced. Human resources must be developed alongside production technology. The combination of technology and skill will accelerate national development.

All the places are requesting loan for financing, but it must be effectively used. The country may face losses if the loans are misused. Hence, inclusive supervision is required to systematically and correctly use the loans. Cargo transport as well as correct information is important in trade. So, swifter logistics services and correct and timely information must be ensured. In this way transport cost can be reduced and competitive power can be enhanced.

Energy is an essential input for production industry. As the State is implementing power generation projects, regions and states should also generate electricity through bio gasifiers and solar power. The meeting has identified a lot of remaining tasks. In this regard, the energetic and collective efforts of committee members will be supportive of the practical endeavours for national development. 100

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဗြိတိန်နိုင်ငံ တော်ဝင်ရေတပ်က STOL ဒရုန်း၏စွမ်းဆောင်ရည်ကို သရုပ်ပြရန် General Atomics ကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း ပေးချေရန် ရည်မှန်းထား



ဗြိတိန်နိုင်ငံ တော်ဝင်ရေတပ်သည် Short Takeoff and Landing (STOL) ပြေးလမ်းတို ဆင်းသက်ပျံသန်းနိုင်စွမ်းရှိသော Uncrewed Air Vehicle (UAV) ဒရုန်း၏ စွမ်းဆောင်ရည်ကို သရုပ်ပြသရန်အတွက် General Atomics ကုမ္ပဏီကို စတာလင်ပေါင် ၁ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း) ပေးချေရန် ရည်မှန်းထားကြောင်း မေ ၂၂ ရက်က The Defense Post တွင် ဖော်ပြထားသည်။

သဘောတူစာချုပ်တွင် လက်ရှိနည်းပညာ၊ ဝန်ဆောင်မှုများကို အသုံးပြု၍ အယူအဆပိုင်းဆိုင်ရာ သက်သေအထောက်အထားများ ပံ့ပိုးပေးနိုင်ရန် အမေရိကန် ကာကွယ်ရေး ကန်ထရိုက်တာကို တာဝန်ပေးအပ်ထားခြင်းဖြစ်သည်။ ခုနစ်လကြာမြင့်မည့် အဆိုပါစမ်းသပ်မှုသည် စွမ်းဆောင်ရည်ပြဿနာများစွာကို ဖြေရှင်းရန် အနာဂတ်မောင်းသူမဲ့လေယာဉ်၏ ပြေးလမ်းတိုပျံတက်၊ ဆင်းသက်နိုင်မည့် နယ်ပယ်ကို ဆုံးဖြတ်မည်ဖြစ်ပြီး အနာဂတ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များကိုချမှတ်နိုင်စေလိမ့်မည်ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါကြိုးပမ်းမှုသည် HMS Queen Elizabeth နှင့် HMS Prince of Wales လေယာဉ်တင်သင်္ဘောနှစ်စင်းစလုံးတွင် ဒုတိယမြောက် လေကြောင်းပျံသန်းရေးအုပ်တစ်ခု ဖွဲ့စည်းနိုင်ရေး အစီအစဉ်အပါအဝင် UAV များကို လေယာဉ်တင်သင်္ဘောအင်အား ဖွဲ့စည်းပုံတွင်ထပ်မံပေါင်းစပ်ရန် ဗြိတိန်နိုင်ငံ၏ လုပ်ဆောင်ချက် တစ်စိတ်တစ်ပိုင်းလည်းဖြစ်ကြောင်း သိရသည်။

General Atomics ကုမ္ပဏီသည် သရုပ်ပြသမှုအတွက် အသုံးပြုဖွယ်ရှိသည့် STOL စွမ်းရည်ပါရှိသော Mojave ဒရုန်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဖော်ပြသခဲ့သည်။

Mojave ဒရုန်းသည် General Atomics ကုမ္ပဏီ၏ MQ-1C Grey Eagle-ER ဒရုန်းကို အခြေခံထုတ်လုပ်ထားခြင်းဖြစ်ပြီး MQ-9 Reaper တွင် အသုံးပြုထားသော လေကြောင်းနည်းပညာနှင့် ပျံသန်းရေးထိန်းချုပ်မှုစနစ်တို့ ပါဝင်သည်။ General Atomics ကုမ္ပဏီအနေဖြင့် ပိုမိုကြမ်းတမ်းသော ပတ်ဝန်းကျင်အခြေအနေများအတွက် UAV ကို 450-HP တာဘိုပရော့အင်ဂျင်နှင့်ဝန်ပိုမိုသယ်ဆောင်နိုင်ရန် high-lift ပင့်တင့်အားမြင့်မားသည့် ကြီးမားသောတောင်ပံများ တပ်ဆင်အသုံးပြုထားကြောင်း၊ Hellfire Missiles ဒုံးကျည် ၁၆ စင်းထိသယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်ပြီး Grey Eagle ထက် လေးဆဝန်ပိုမိုတင်ဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

**Royal Navy to Trial General Atomics STOL Drone on Aircraft Carrier ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံထုတ် (SAM) အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များက AI ကိုအသုံးပြု၍ ယူကရိန်းတို့၏ လေယာဉ်များ၊ ဒရုန်းများကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့

ရုရှားနိုင်ငံထုတ် (SAM) S-350 Vityaz အဆင့်မြင့် လေကြောင်းရန် ကာကွယ်ရေးစနစ်များက AI ကိုအသုံးပြု၍ ယူကရိန်းတို့၏ လေယာဉ်များ၊ ဒရုန်းများကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း မေ ၂၄ ရက်က Sputnik သတင်းဌာနတွင် ဖော်ပြထားသည်။

ရုရှား၏ (SAM) S-350 Vityaz အဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်သည် အော်ပရေတာ၏ လုပ်ဆောင်ချက်ပါဝင်ခြင်းမရှိဘဲ အထူးစစ်ဆင်ရေးဇုန်အတွင်း ယူကရိန်းလေယာဉ်များကို အလိုအလျောက်စနစ်ဖြင့် အပြည့်အဝလုပ်ဆောင်ကာ ပစ်ချနိုင်ခဲ့ကြောင်း အဆိုပါအချက်အပေါ် ကောင်းစွာသိရှိထားသည့် သတင်းရင်းမြစ်တစ်ခုက Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။

S-350 Vityaz လက်နက်စနစ်သည် ရန်သူ့လေကြောင်းပစ်မှတ်များကို အလိုအလျောက်ထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် တိုက်ခိုက်ဖျက်ဆီးခြင်းတို့ကို ယူကရိန်း အထူးစစ်ဆင်ရေးအတွင်း ပထမဆုံး တိုက်ပွဲဝင်လုပ်ဆောင်နိုင်ခဲ့ကြောင်း သတင်းရင်းမြစ်က ရေးသားထားသည်။

အဆိုပါစနစ်ဖြင့် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များအသုံးပြု၍ လူသားမပါဝင်ဘဲ ယူကရိန်းစစ်လေယာဉ်များနှင့် ဒရုန်းအများအပြားကို ပစ်ချနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ နိုင်ငံပိုင် Sputnik သတင်းဌာနက ရေးသားထားသည်။

ရုရှားစစ်ဘက်အဆိုအရ ပေါ်ပေါက်လာသော လေကြောင်းအခြေအနေတစ်ရပ်အတွင်း ဒုံးကျည်၏ဉာဏ်ရည်တု ထောက်လှမ်းခြင်းမှ ဆုံးဖြတ်ချက်များကို လူသားအော်ပရေတာက ပယ်ဖျက်နိုင်ခြင်းမရှိသည့် အခြေခံနိယာမ သဘောတရားအပေါ် မူတည်၍ (Automatic Mode) အလိုအလျောက် လုပ်ဆောင်နိုင်မှုကို လက်နက်စနစ်များတွင် ထည့်သွင်းအသုံးပြုလေ့ရှိကြောင်း သိရသည်။

Automatic Mode တွင် အော်ပရေတာသည် လက်နက်စနစ်၏ လုပ်ဆောင်မှုအပေါ် ဝင်ရောက်အမိန့်ပေးခြင်းမရှိဘဲ စက်ပစ္စည်းမှ ရွေးချယ်ထားသောတိုက်ပွဲလုပ်ငန်းစနစ် (Operation Algorithm) အတိုင်းလုပ်ဆောင်ရန် အတည်ပြုပေးပေးနိုင်ရုံအခြေအနေမျိုး ဖြစ်သည်ဟု ၎င်းက ရှင်းပြခဲ့သည်။

Vityazလေကြောင်းရန်ကာကွယ်ရေးစနစ်သည် ဒုံးကျည်(SAM) ၏ Jamming Immunity နှောင့်ယှက် လှိုင်းခံနိုင်ရည်စွမ်းအားကို မြှင့်တင်ပေးထားသည့် စနစ်တစ်ခုလည်းဖြစ်ပြီး ပစ်မှတ်များကို စိစစ်ခွဲခြား၊ ဖော်ထုတ်နိုင်ကာ ရေဒါလှုပ်ရှားမှုများတွင် Active ရော Passive ပါ တစ်ပြိုင်နက် လုပ်ဆောင်နိုင်သည်ဟု သတင်းဌာနသို့ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



S-350 Vityaz လက်နက်စနစ်သည် ၂၀၁၉ ခုနှစ်က ရုရှားစစ်ဘက်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည့်ယာဉ်တင် လေကြောင်းရန် ကာကွယ်ရေးစနစ်ဖြစ်သည်။

အဆိုပါ SAM စနစ်သည် တိုက်ခိုက်ရေးလေယာဉ်၊ ဒရုန်းများနှင့်ခရုစ်ဒုံးကျည်များအပါအဝင် ပဲ့ထိန်းဒုံးကျည်များနှင့် လေကြောင်းပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**"Smart" Russian SAMs Hit Ukrainian Warplanes, Drones Using AI ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး ၁၀၃၃၈၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးစပါး စိုက်ပျိုးရာသီ၌ မိုးစပါး ၁၀၃၃၈၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် အနေဖြင့် ယင်းမာပင်မြို့နယ်တွင် မိုးစပါးဧက ၃၀၀၀၀၊ ကနီမြို့နယ်တွင် မိုးစပါးဧက ၂၃၂၇၀၊ ဆားလင်းကြီးမြို့နယ်တွင် မိုးစပါး ၄၄၁၅ ဧက၊ ပုလဲမြို့နယ်တွင် မိုးစပါးဧက ၄၅၇၀၀ စုစုပေါင်း မိုးစပါး ၁၀၃၃၈၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း မိုးစပါး ၁၀၃၃၈၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ တစ်နှစ်ထက်တစ်နှစ် မိုးစပါးစိုက်ပျိုးမှုတိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာ ရှိပါတယ်။ ဒီနှစ်ဆိုရင် မိုးစပါးဧက လျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ မိုးစပါးစိုက်ပျိုးရာသီမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့ဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မိုးစပါးကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၁၀၁၉၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး စိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာပေးခြင်း စသည့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် နွေစပါး ၂၄၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ နွေစပါး ၁၀၇၁ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မိုင်းရယ်မြို့နယ် နားဖျိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရယ် မေ ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နားဖျိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးပြုစေမည့်စီမံကိန်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်းသတ်မှတ်ချက်၊ ပြန်ဆပ်ရမည့်ကာလတို့နှင့်စပ်လျဉ်း၍ ပြောကြားကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ငွေကျပ် ၃၀၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နားဖျိုင်းကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၃ ဦးအား ငွေကျပ် ၃၀၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# သံတောင်ကြီးမြို့နယ် ဖောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**သံတောင်ကြီး မေ ၂၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို မေ ၂၆ ရက် နံနက် ၁၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဖောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ/မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းကိုက်ညီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ဖောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဌမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်းအသင်းသား ၉၇ ဦးအား ငွေကျပ် သိန်း ၄၁၀ ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဦး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၇-၅-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၇၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၂၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၃၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)




**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/ ၂၀၂၃)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်စဉ်။**

**ရှေ့ဖုံးမှအဆက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နာယက၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူ...

လုပ်ငန်းများမှာ MSME အဆင့်တွင်ရှိနေကြကြောင်း၊ နိုင်ငံခြားလိုငွေပြခြင်း၏ စိန်ခေါ်မှုမှာ သွင်းကုန်ပမာဏ များပြားခြင်းကြောင့်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ၏ အဓိကလိုအပ်ချက်မှာ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များဖြစ်ကြပါကြောင်း၊ ကုန်ကြမ်းရှိမှ ကုန်ထုတ်လုပ်...

ဖြစ်ပါကြောင်း။

နိုင်ငံခြားငွေလိုအပ်မှုသည် သွင်းကုန်ပမာဏများပြားနေခြင်းလည်း ပါဝင်ကြောင်း၊ သွင်းကုန်ပမာဏ များပြားခြင်းသည် လိုအပ်ချက်အရ သွင်းရသည်များရှိသကဲ့သို့ ပြည်တွင်း၌ ထုတ်လုပ်နိုင်သော်လည်း တင်သွင်းနေရမှုများမှာ မဖြစ်သင့်ပါကြောင်း၊...

အခြေခံသည့်ထုတ်လုပ်မှု၊ ကော်ဖီနှင့်လက်ဖက်ကိုအခြေခံသည့် ထုတ်လုပ်မှု၊ သစ်၊ ကြိမ်၊ ဝါးများကိုအခြေခံသည့်ထုတ်လုပ်မှု၊ မွေးမြူရေးအသား၊ ငါးကိုအခြေခံသည့်ထုတ်လုပ်မှုနှင့် တိရစ္ဆာန်အစားအစာထုတ်လုပ်မှုလုပ်ငန်းများသည် မိမိတို့နိုင်ငံအတွက်...

**MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများချိတ်ဆက်နိုင်ရေး ပြည်ပမှရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ရာတွင် အဓိကအားဖြင့် ထုတ်လုပ်မှုပိုင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုပိုင်းများကို ဖိတ်ခေါ်ခြင်း၊အဝတ်အထည်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများကို ဖိတ်ခေါ်နိုင်ပါက နည်းပညာများရရှိနိုင်ပြီး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်၊ CMP အထည်ချုပ်လုပ်ငန်းများသည် လုပ်သားများအခြေပြုလုပ်ငန်းများဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေမည်ဖြစ်. . .**




**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြစဉ်။**

# ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၂၇**

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များကိုစုဖွဲ့စေလွှတ်၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့်စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လှူဒါန်းသည့် စားသောက်ဖွယ်ရာပစ္စည်းများ၊ ဆေးကုသရေးဆိုင်ရာပစ္စည်းများ၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများနှင့် ဆိုလာမီးအိမ်များကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် တစ်ကြိမ်ပို့ဆောင်ပေးခဲ့သည်။

အလားတူ သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆန်အိတ်များ၊ ရေသန့်ဆေးပြားများ၊ စားသုံးဆီပုံးများ၊ ဓာတ်ဆားထုပ်များ၊ရေသန့်ဘူးများ၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာပစ္စည်းများ၊ စားပွဲခုံများ၊ ဆေးပစ္စည်းများ၊ မိုးကာလိပ်များ၊ LED Solar မီးသီးများနှင့် စားသောက်ဖွယ်ရာများကိုတင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် ခြောက်ကြိမ် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပို့ဆောင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လာရောက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက် ရရှိသည်။



**ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ကမ်းနားလမ်းတစ်လျှောက် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး



**စစ်တွေ မေ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ကမ်းနားလမ်းတစ်လျှောက် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြုပြင်ပြီးစီးမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး စစ်တွေစာတိုက်ကြီးသို့ရောက်ရှိကာ မုန်တိုင်းဒဏ်ကြောင့် စာတိုက်အဆောက်အအုံ ပျက်စီးထိခိုက်မှုနှင့် ပြန်လည်ပြုပြင်ရန် စီမံဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဌာန၏လုပ်ငန်းတာဝန်များ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရေး မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်းသို့ရောက်ရှိပြီး မုန်တိုင်းဒဏ်သင့်ဒေသများသို့ပို့ဆောင်ပေးမည့် တပ်မတော်ကမ်းထိုးရေယာဉ်များပေါ်သို့ စက်ယန္တရားများဖြင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအလိုက်တာဝန်ရှိသူများက ကူညီထောက်ပံ့ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပြီးစီးနိုင်ရေးအတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးအော်ပရေတာ စုစုပေါင်း လေးခု၏မိုဘိုင်းစခန်း ၁၂၃၃ ခုရှိသည့်အနက် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှုပြတ်တောက်ခဲ့ပြီး ကျန်စခန်း ၃၂၉ ခုဖြင့်သာ ဝန်ဆောင်မှုပေးခဲ့ရာမှ မြေပေါ်မြေအောက် ဖိုက်ဘာကေဘယ်လ်များပြုပြင်ခြင်း၊ အချို့သော မိုက်ခရိုဝေ့ဖ်ဆက်ကြောင်းများကို ဖိုက်ဘာဆက်ကြောင်းများဖြင့် ပြောင်းလဲချိတ်ဆက်ခြင်းနှင့်မိုဘိုင်းစခန်းပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့ထိ မိုဘိုင်းစခန်း စုစုပေါင်း ၇၆၈ စခန်းပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် စုစုပေါင်း မိုဘိုင်းစခန်း ၁၀၉၇ စခန်း ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၉၇ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ပြီဖြစ်သည်။

မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေငန်တားတာ ၃၂ ခုအနက် မောင်တောမြို့နယ် ခြံပြင်တာ၊ မြောက်ဦးမြို့နယ် ကုလားပုန်းကျွန်းပတ်တာ၊ မြေပုံမြို့နယ် ငမန်းရဲကျွန်းတာ အပိုင်း(၁)နှင့် အပိုင်း (၂)တို့တွင် တာရေကျော်တိုက်စားခြင်း၊ ကျိုးပေါက်ခြင်းများဖြစ်ပေါ်ခဲ့သည်။

ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော တာများကို မိုးမကျမီပြုပြင်ပေးနိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏမှာ မြေကျင်းစုစုပေါင်း ၃၂၉၃၃ ကျင်းရှိသည့်အတွက် စက်ယန္တရားများ လုပ်ငန်းခွင်များသို့အချိန်မီရောက်ရှိအောင် စီမံဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မေ ၂၁ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယနေ့ထိ မြေကျင်းပေါင်း ၁၀၃၆၅ ကျင်းခန့်ပြီးစီးပြီဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၃၁ ဒသမ ၄၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး လုပ်ငန်းအားလုံးကို ဇွန် ၃ ရက်တွင် ရာနှုန်းပြည့်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိခိုက်ပျက်စီးသွားသော ရေငန်တားတာ သုံးခုကို မိုးမကျမီပြီးစီးအောင်ပြုပြင်ပေးခြင်းအားဖြင့် စုစုပေါင်း ရေဘေးကာကွယ်ဧရိယာ ၁၄၂၂၅ ဧကအတွင်း ဒေသခံတောင်သူများ၏ မိုးစပါးများ အပြည့်အဝစိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဦးမြင့်ကြိုင်တို့ လှုဖိုးခေါင်၊ ငါးခူရနှင့် တောင်ပြိုလက်ဝဲစခန်း ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၇**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် မောင်တောမြို့နယ် လှုဖိုးခေါင်ယာယီနေရာချထားရေးစခန်းသို့ရောက်ရှိခဲ့ပြီး ရွှေ့ပြောင်းစမ်းသပ်စီမံကိန်းအရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ရာ စခန်းတာဝန်ခံက ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက စစ်ဆေးလက်ခံမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဌာနအသီးသီးက စေ့စပ်သေချာစွာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်နှင့် စခန်း၌ယာယီနေထိုင်စဉ်ကာလအတွင်း လိုအပ်မည့် စားနပ်ရိက္ခာ၊ ရေ၊ မီး၊ မိလ္လာနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျ ပြင်ဆင်ထားရှိရေးမှာကြား၍ ဌာနဆိုင်ရာဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ပြီး စခန်းတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ရောက်ရှိပြီး ပြန်လည်ဝင်ရောက်လာမည့်သူများနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းစဉ်များဖြစ်သည့် အိမ်ထောင်စုစာရင်း ရေးသွင်းမှတ်သားခြင်း၊ BIO METRIC DATA များရယူ၍ e-ID ဖြည့်သွင်းခြင်း၊ NVC ကတ်ထုတ်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းမှာကြားသည်။ ယင်းနောက် စခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများကို စားသောက်ဖွယ်ရာများပေးအပ်၍ စခန်းတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တောင်ပြိုလက်ဝဲလက်ခံရေးစခန်းသို့ရောက်ရှိပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာချိန်တွင် ပြန်လည်ဝင်ရောက်လာမည့်သူ၏ ကိုယ်ရေးအချက်အလက်ကို(ရုံးချုပ်)ရှိ DATA SERVER သို့ အင်တာနက်လိုင်းချိတ်ဆက်ကာ Online စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးနည်းဖြင့်လည်းကောင်း၊ အင်တာနက်လိုင်းမရရှိပါက Hard Disk အသုံးပြု၍ Offline စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြား၍ စခန်းရှိဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ စခန်းတွင်းလိုက်လံကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ မောင်တောမြို့သို့ရောက်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏အခြေအနေကို လည်းကောင်း၊ အမျိုးသမီးသင်တန်းသူများ၏ စက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားနေမှုအခြေအနေကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး မောင်တောမြို့ရှိ ရုံး၊ သင်တန်းကျောင်းများမှ နည်းပြများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားသည့် စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းမိသားစုများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးပေးအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းမိသားစုများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၇**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း တက်ရောက်၍ ပညာသင်ထောက်ပံ့ကြေးများကို သက်ဆိုင်ရာအဖွဲ့များသို့ ပေးအပ်သည်။

အစီအစဉ်အရ တပ်ဖွဲ့၊ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်များက "ဇာတိမာန်"သီချင်းဖြင့်လည်းကောင်း၊ ကျောင်းသား၊ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် တပ်ဖွဲ့၊ ဦးစီးဌာနအလိုက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား၊ ကျောင်းသူ ၂၉၃၂ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ရာ တပ်ဖွဲ့၊ဦးစီးဌာနအလိုက် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တပ်ဖွဲ့၊ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်များက "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"တေးသီချင်းဖြင့် ဖျော်ဖြေခဲ့ကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့၊ ဦးစီးဌာနများမှ ဝန်ထမ်းများ၏ မိသားစုဝင် သားသမီးများဖြစ်ကြသော မူလတန်း ကျောင်းသား၊ ကျောင်းသူ ၁၅၁၉ ဦး၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ၆၃၈ ဦး၊ အထက်တန်း ကျောင်းသား၊ကျောင်းသူ ၄၄၇ ဦး၊တက္ကသိုလ်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူ ၃၂၈ ဦး စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၂၉၃၂ ဦးတို့အတွက်ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ငွေကျပ် ၆၃၁၂၀၀၀၀ ကိုပညာသင်ထောက်ပံ့ကြေး ပထမအကြိမ်အဖြစ် ပေးအပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ရသေ့တောင်တပ်နယ်၊ ကန်စောက်တပ်နယ်နှင့် ကျောက်တော်တပ်နယ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တပ်မတော်သားမိသားစုဝင်များကို ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် မေ ၂၇**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့တွင် ရသေ့တောင်တပ်နယ်၊ ကန်စောက်တပ်နယ်နှင့် ကျောက်တော်တပ်နယ်တို့သို့ သွားရောက်၍ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့်နေအိမ်အဆောက်အအုံများ၊စာသင်ကျောင်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုကဲ့သို့ တပ်နယ်များအလိုက် ကြည့်ရှုစစ်ဆေးစဉ် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်မီပြီးစီးစေရေး၊ ယာယီနေထိုင်နိုင်ရန်အတွက် သတ်မှတ်အဆောက်အအုံနေရာများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ သုံးရေရရှိရေးနှင့် ကျန်းမာရေးကောင်းမွန်စွာနေထိုင်နိုင်ရေးတို့အတွက် မှာကြားကာ လုပ်ငန်းများအချိန်မီပြီးစီးစေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက်တပ်နယ်အသီးသီးရှိ တပ်မတော်သား မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများကိုတွေ့ဆုံပြီး စားသောက်ဖွယ်ရာများနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တပ်နယ်မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၂၈)ကြိမ်မြောက် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ပြုလုပ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် ဒိုင်းဆုရရှိသည့် ကျိုက္ကန်းတပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မေ ၂၇**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် (၂၈)ကြိမ်မြောက် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် ကျိုက္ကန်းတပ်နယ်အသင်းနှင့် မုံရွာတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းအကောင်းဆုံးဆုများ၊ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အသင်းများနှင့် ဒိုင်အဖွဲ့ဝင်များကို ဂုဏ်ပြုလက်ဆောင်နှင့် ဒိုင်းဆုရရှိသည့် ကျိုက္ကန်းတပ်နယ်အသင်းတို့ကို ဆုများ အသီးသီးချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် မေ ၂၄ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်(?)

ကြာ့ဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်လင်းအောင် အခြေခံပညာ ကျောင်းများ၌ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မေ ၂၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၄ ရက်မှ မေ ၃၁ ရက်ထိသတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံမှုလက်ခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၄ ရက် နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်၏ ပဥ္စမရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၂၇၉၇၇၁ ဦးရှိပြီး ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်သည့် ဆရာ၊ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# သင်တန်းတက်ရောက်ပြီးမြောက်သည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ



သင်တန်းတက်ရောက်ပြီးမြောက်သည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများကို တာဝန်ရှိသူများနှင့် မိဘပြည်သူများက ကြိုဆိုကြစဉ်။

**နေပြည်တော် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီးသို့ လေ့လာရေးခရီးရောက်ရှိနေသော ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းကာလနှင့် လေ့လာရေးခရီးစဉ်များပြီးမြောက်၍ တပ်မတော်မှ မော်တော်ယာဉ်များ၊ စစ်ရေယာဉ်များနှင့် လေယာဉ်တို့ဖြင့် သက်ဆိုင်ရာမြို့နယ်အသီးသီးသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မိဘပြည်သူများက ကြိုဆိုခဲ့ကြသည်။

ဆက်လက်ပြီး သက်ဆိုင်ရာသင်တန်းစခန်းအသီးသီးရှိ တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီး ဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် မေ ၂၇**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် ၎င်းတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှိုစားတော်ပဲဘူး၊ ကြက်အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၇**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိ အခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ လမ်းမကြီးတစ်လျှောက်တွင် လမ်းဘေးဝဲယာမှ လဲကျနေသောသစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ လမ်းများကို သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သောက်သုံးရေများ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်သည်။

ထို့အတူ မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေသော ဇိနိမာရ်အောင်ဘုရားအတွင်းရှိ သစ်ပင်ကြီးများ လဲကျနေသောသစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့်ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# လပွတ္တာမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




**သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ သရက်တောပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၇၂ ပါးနှင့် ဒေသခံပြည်သူ ၁၀၃ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက် ဝိဘင်္ဂဝါဒီစာသင်တိုက်ရှိ သံဃာတော်များနှင့် ရပ်ကွက်အတွင်းရှိ ဒေသခံ ပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် ဆေးကုသရေးအဖွဲ့အနေဖြင့် သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် အပါး ၁၂၀ နှင့် ဒေသခံပြည်သူ ၁၀၅ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သံဃာတော် ၁၈၂ ပါးနှင့် ဒေသခံပြည်သူ ၁၉ ဦးတို့ကိုလည်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်မုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် မြောက်ဦးခရိုင် မြေပုံမြို့နယ်သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည်ထူထောင်ရေးကော်မတီနှင့် အလှူရှင်များ ကလျာဒါန်းသည့် စားရေရိက္ခာများ သယ်ဆောင်ရောက်ရှိလာသည့် ပြည်တွင်းရေကြောင်းပိုင် ကုလားတန် (၆) ရေယာဉ်မှ ပစ္စည်းများကို နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သယ်ယူပို့ဆောင်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မာန်အောင်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စာသင်ခန်းများကို ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မာန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ဗိုလ်မှူးချုပ်ကျော်ကျော်ဦး ကြည့်ရှုအားပေးစဉ်။**



# ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၂၇**

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လိုအပ်သော ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် နေရာအသီးသီးသို့ ပို့ဆောင်ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း တပ်မတော်(ရေ)မှ ၅၆ မီတာ ကမ်းထိုးရေယာဉ်ပထမအစီးသည် MV.Sunshine ရေယာဉ်မှ သွားတိုက်တံ အချောင်း ၄၆၀၀၊ သွားတိုက်ဆေး ၂၅ ဂရမ် ဘူး ၁၂၀၀၊ သွားတိုက်ဆေး ၇၅ ဂရမ် ဘူး ၁၂၀၀၊ လီတာ ၂၀ ရေသန့်ဘူးခွံ အလုံး ၅၀၊ MV.Forture ရေယာဉ်မှ သွပ် ၁၉၈၂၅ ချပ်၊ သံဖာ ၃၂၀၊ တာပေါ်လင်လိပ် ၁၂၀၊ မိုးကာတဲ အလုံး ၄၀၊ ကြက်ဥအလုံး ၇၉၂၀၊ MRTV စလောင်း အလုံး ၅၀၊ ခေါက်ဆွဲခြောက် ၂၅၉ ဖာ၊အိမ်သာကမုတ် ၉၄၆ ခု၊ ပိုက်အချောင်း ၉၅၀ ၊ GE သွပ်များ၊ အိမ်ရိုက်သံ၊ အမိုးရိုက်သံ၊ ဒီဇယ်ဆီ စုစုပေါင်းကုန်တန်ချိန် ၁၉၄ ဒသမ ၅ တန်တို့ကို စစ်တွေမြို့ Essar တံတား၌ တင်ဆောင်၍ ရသေ့တောင်သို့လည်းကောင်း၊ ၅၆ မီတာ ကမ်းထိုးရေယာဉ်ဒုတိယအစီးသည် MV.Sunshine ရေယာဉ်မှ သွားတိုက်တံ အချောင်း ၁၁၅၀၊ သွားတိုက်ဆေး ၂၅ ဂရမ် အခု ၃၀၀၀၊ သွားတိုက်ဆေး ၇၅ ဂရမ်အခု ၃၀၀၀၊လီတာ ၂၀ ရေသန့်ဘူးခွံ အလုံး ၅၀၊ MV.Forture ရေယာဉ်မှ သွပ်ချပ် ၃၀၀၀၊ သွပ်သံဖာ ၂၁၀၊ တာပေါ်လင်အလိပ် ၉၀၊MV Aquarius ရေယာဉ်မှ သွပ်ချပ် ၁၀၀၀၊ သွပ်သံဖာ ၅၀၊ ခေါက်ဆွဲခြောက် ၄၄ ဖာ၊ အဝတ်အထည်အထုပ်ကြီး ခုနစ်ထုပ်နှင့် အိန္ဒိယနိုင်ငံမှ ထောက်ပံ့သည့် တာပေါ်လင် ၃၆ ထုပ် စုစုပေါင်းကုန်တန်ချိန် ၇၀ ဒသမ ၅ တန်တို့ကို စစ်တွေမြို့Essar တံတား၌ တင်ဆောင်၍ မြေပုံကမ်းထိုးရပ်သို့လည်းကောင်း ပို့ဆောင်ပေးခဲ့သည်။



**ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။**

ထို့ပြင် ၂၉ မီတာ ကမ်းထိုးရေယာဉ်တစ်စီးသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင် စုစုပေါင်း ၁၈၆ ဦးတို့ကို ရသေ့တောင်ကမ်းထိုးရပ်၌တင်ဆောင်၍ ယနေ့ နေ့လယ်ပိုင်းတွင် ရေချမ်းပြင်သို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ စစ်ရေယာဉ်(မြစ်ကြီးနား)သည် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုဝင်များ၊ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများမှပေးပို့သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ ပြန်လည်ထူထောင်ရေး ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၄၅၅ တန်ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်တံတား၌ တင်ဆောင်၍ စစ်တွေမြို့သို့ ပို့ဆောင်ရန် ထွက်ခွာသွားခဲ့သည်။

အဆိုပါ စစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ ၎င်းနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်မည့် တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် စာသင်ကျောင်းများ၊ ပြည်သူများ၏ နေအိမ်များသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့ပေါ်နှင့် ကျေးလက်နေ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ပြန်လည်ရောက်ရှိ

## မြို့ပေါ်နှင့် ကျေးလက်နေ ဒေသခံပြည်သူစုစုပေါင်း ၅၅၀၉ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့

**နေပြည်တော် မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ပေါ်နှင့် ကျေးလက်နေဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် သွားရောက်ခဲ့သည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးဆေးကုသရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထိန်လင်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများက ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ကို တွဲဖက်စစ်ရေးချုပ်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းပေးအပ်ကာ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။




စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့ပေါ်နှင့် ကျေးလက်နေ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

အဆိုပါ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့တွင် ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ သွားပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုစစ်သည်များပါဝင်ပြီး အဆိုပါအဖွဲ့နှင့်အတူ ရွှေ့လျားခွဲစိတ်ကုသယာဉ်၊ ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ် ပါဝင်ပြီး စစ်ကိုင်းဒေသကြီးအတွင်းရှိ မြို့ပေါ်နှင့် ကျေးလက်နေဒေသခံပြည်သူများကို မေ ၁၇ ရက်မှ ၂၃ ရက်ထိလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ခြင်းအပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံရန် လိုအပ်သူ ၂၉၈၃ ဦးကို ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ဆေးကုသမှုဆိုင်ရာရောဂါလူနာစုစုပေါင်း ၁၆၀၇ ဦး၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါလူနာစုစုပေါင်း ၄၉၅ ဦး၊ ကလေးရောဂါလူနာစုစုပေါင်း ၂၃၅ ဦး၊ သားဖွားမီးယပ်ရောဂါလူနာစုစုပေါင်း ၂၂၉ ဦး၊ အရိုးရောဂါလူနာစုစုပေါင်း ၆၃၆ ဦး၊ နား၊ နှာခေါင်း၊လည်ချောင်းရောဂါလူနာစုစုပေါင်း ၂၉၆ ဦး၊မျက်စိရောဂါလူနာစုစုပေါင်း ၁၃၆၅ ဦး၊ သွားရောဂါလူနာ စုစုပေါင်း ၆၄၆ ဦး အပါအဝင် ပြည်သူလူထုစုစုပေါင်း ၅၅၀၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သာမန်ခွဲစိတ်လူနာစုစုပေါင်း ၁၀၅ ဦး၊မျက်စိခွဲစိတ်လူနာစုစုပေါင်း ၁၀၅ ဦး၊ ရွှေ့လျားခွဲစိတ်ယာဉ်၊ ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်များဖြင့်ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာစုစုပေါင်း ၁၈၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာစုစုပေါင်း ၃၅၆ ဦး၊ Ultrasound စမ်းသပ်လူနာစုစုပေါင်း ၄၁၅ ဦးနှင့်ဓာတ်ခွဲစမ်းသပ်မှုလူနာစုစုပေါင်း ၆၈၄ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျက်ရှိသည့် ဒေသခံပြည်သူတစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ စနစ်တကျလွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေးတွင် စဉ်ဆက်မပြတ်ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေစဉ်။

**နေပြည်တော် မေ ၂၇**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေး လုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဒေါင်းရပ်ကွက် ၈၄ လမ်းနှင့် ၁၀၅-၁၀၆ လမ်းရှိ မြေစွန်းဝန်ဘုရားကြီးတောင်ဘက်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇-၅-၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၂၇၃၈၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၃၀၄၄၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၈၄၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၈၅၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၀ ကျပ် | ၁၉၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၀ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၂၀ ကျပ် | ၂၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၁၅ ကျပ် | ၂၁၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၅၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၃၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၀ . ၅၅၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၀၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၆ . ၄၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၇ . ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၄၃၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင်ပြစ်မှုနှင့် သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၆)ရပ်ကွက်နေ သိမ့်သိမ့်စိုးသည် ၎င်းအသုံးပြုသည့် "Thient Theint Soe" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

☆ ကျောမှအဆက်

ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည့်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးဩဝါဒါစရိယ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံမှ အန္တိမအဂ္ဂိရျာပနပူဇာသဘင်အခမ်းအနား ကျင်းပရေးနှင့် ပတ်သက်၍ ဩဝါဒကထာများ နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိရျာပနပူဇာသဘင်အခမ်းအနားကို နာယကဆရာတော်ကြီးများ၏ ဩဝါဒများခံယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံတော်အဆင့်အခမ်းအနားဖြင့် ခမ်းခမ်းနားနား ကျင်းပပြုလုပ်ပူဇော်သွားရန် ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူသည့်နေ့မှစ၍ အန္တိမအဂ္ဂိရျာပနပူဇာသဘင်အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသည့်အချိန်နှင့် ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်အရိုးပြာအိုးကို ဧရာဝတီမြစ်အတွင်း သို့ရေမျှောပူဇော်ရာတွင် နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာကျင်းပရေး ဦးစီးကော်မတီ၊ ဆပ်ကော်မတီနှင့်လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းထားမှုအခြေအနေများ၊လုပ်ငန်းများဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍လိုအပ်သည်များကို ဖြည့်စွက်ညွှန်ကြားဆောင်ရွက်နိုင်ရန် ဖိတ်ကြားတင်ပြလျှောက်ထားကြပြီး ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များနှင့် တာဝန်ရှိသူများက အထွေထွေဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမဟာထေရ် မြတ်ကြီး၏ အန္တိမအဂ္ဂိရျာပနပူဇာသဘင်ကျင်းပသွားမည့်အခမ်းအနားနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒများခံယူကြပြီး အနိစ္စာဝတသင်္ခါရာစသော သံဝေဂဉာဏ်များကို ရွတ်ဆိုပွားများကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းပြီး ဆရာတော်ကြီးများကို နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## မေ ၂၇ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၁၃၅၆၄ ဦး |
| သေဆုံးသူ | ၁၉၄၃၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၃၅၄၃ ဦး |

**နေပြည်တော် မေ ၂၇**

မေ ၂၆ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၄၂၀ ကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၃ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခေါင်မလုံလို့

စိုးလနေ(ရန်ကုန်)




(၁)

ကောင်းကင်ယံ၌ မိုးသားတိမ်လိပ်တို့ ညို့မှိုင်းမည်းမှောင်လျက်ရှိသည်။ ထိုအချိန် ပင်လယ်ပြင်မှ လေထန်စပြုလာပြီ။ ပင်လယ်ထဲတွင် လှိုင်းများကို အန်တုလျက် ငါးဖမ်းစက်လှေတစ်စီး ခုတ်မောင်းနေသည်။

(၂)

မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေရွာကြီးတစ်ရွာ။

ထိုရွာ၌ ငါးဖမ်းလုပ်ငန်းဖြင့်အသက်မွေးသော အိမ်တစ်အိမ်တွင်-

"ကိုထွန်း ရှင်တကယ် ငါးဖမ်းထွက်မှာလား"

"မထွက်လို့မဖြစ်ဘူးလေကွာ။ အိမ်ဂရန်အတွက် အတိုးသတ်ရတော့မယ်။ နောက်အခြားအကြွေးတွေလဲရှိသေးတယ်"

"အဖေငါးဖမ်းထွက်ရင် ကျွန်တော်လဲလိုက်ရမှာလား"

"မင်းမလိုက်လို့ ဘယ်သူလိုက်မှာလဲ"

"ရှင်တို့သားအဖ ကြည့်လဲလုပ်အုံးနော်။ ရေဒီယိုက အခုနှစ်ရက်၊ သုံးရက်အတွင်း ပင်လယ်ပြင်မှာ မုန်တိုင်းဖြစ်ပေါ်မယ်လို့ သတင်းကြေညာထားတယ်"

"ငါပင်လယ်မှာမွေးတဲ့ကောင်ပါ။ မုန်တိုင်းအကြောင်းကောင်းကောင်းသိပါတယ်"

"အခုဟာကလဲ မထွက်မဖြစ်လို့ မဟုတ်ရင် ငါတို့အိမ် ဆုံးသွားနိုင်တယ်"

"ဒါလဲ ရှင်လုပ်တာပဲလေ။ ဟို နဒီတစ်ယောက်လဲ နိုင်ငံခြားအလုပ်သွားလုပ်တာ ပိုက်ဆံလဲမပို့သလို အခုထိအဆက်အသွယ်လဲမရဘူး။ သေများသေသွားပြီလားမသိဘူး"

ဇနီးသည် တဖျစ်တောက်တောက်ပြောသည်ကို ဦးထွန်းပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။ ဦးထွန်းတစ်ယောက် ဆေးလိပ်ဖွာရင်း စိတ်တွေ အတိတ်ဆီပြေးသွားသည်။ သူ သာမန်ဘဝမှ အိမ်တစ်လုံး၊ စက်လှေငါးစီး၊ ငါးဒိုင်တစ်ဒိုင်ပိုင်သည့် အခြေအနေရောက်အောင် မနည်းရုန်းကန်ခဲ့ရသည်။ လင်မယားနှစ်ယောက် တက်ညီလက်ညီ ကြိုးစားခဲ့၍ ထိုရွာ၌ အခြေခံလူတန်းစားအဆင့်မှ စီးပွားရေးအသင့်အတင့်ပြေလည်သောအဆင့်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ တစ်နေ့ သူငယ်ချင်းတစ်ယောက်က-

"ကိုထွန်း ဒီတစ်ကွက်ထိုးကြည့်ပါလား ဆရာတော်ပေးလိုက်တာဗျ"

"ကျွန်တော်ဝါသနာမပါဘူးဗျာ"

"ခင်ဗျားကလဲ တစ်ခါတလေကံစမ်းကြည့်တာပဲ"

"ဒါဆိုလဲ ထိုးကြည့်တာပေါ့ဗျာ"

တိုက်တိုက်ဆိုင်ဆိုင်ပင်။ သူထိုးသည့်နံပါတ် ငွေ ၁၀၀၀ ဖိုးပေါက်သွားလေသည်။ နောက်တစ်ပတ်လည်း ဆက်ကံစမ်းပြန်သည်။ ထိုအပတ်လည်း ပေါက်လေသည်။ ထိုးတိုင်းပေါက်သဖြင့် ဦးထွန်း စိတ်ဝင်စားလာသည်။ နှစ်လုံး၊ သုံးလုံးချဲထီ တွက်တတ်အောင် သူငယ်ချင်းက သင်လေသည်။ ချိုင်းတွေ၊ ကလင်ဒါတွေ ဝယ်ကြည့်လေသည်။ သုံးလုံးဂဏန်း၊ နှစ်လုံးဂဏန်းပေးသည့် နာမည်ကြီးပုဂ္ဂိုလ်များထံ သွားရောက်ချဉ်းကပ်လေသည်။ ဤသို့ဖြင့် သုံးလုံး၊ နှစ်လုံးချဲထီ စွဲသွားလေသည်။ လောင်းကစားလုပ်သဖြင့် နိုင်တစ်လှည့်၊ ရှုံးဆယ်ခါ ရင်ဆိုင်လာရသည်။ အတွင်းပစ္စည်းများ တက်တက်စင်ပြောင်လေပြီ။ သို့သော် လောဘဘရိတ်အုပ်၍မရ။ လှေမျောလှေနှင့်လိုက်၊ ငွေမျောငွေနှင့် လိုက်လေသည်။ နောက်ဆုံး အကြွေးများ လည်ပင်းနစ်လာပြီ။ ငါးဒိုင်လည်း ပြုတ်သွားသည်။ စက်လှေတစ်စီးနှင့် အိမ်သာကျန်တော့သည်။ ပေးစရာအကြွေးများရှိသောကြောင့် အိမ်ကိုလည်း ပေါင်လိုက်ရပြန်သည်။ သုံးလုံး၊ နှစ်လုံးချဲထီထိုးခြင်းဖြင့် ဝင်ငွေရှိုးနိုးနှင့် ရှုံးမဲမဲပြီး ဖိထိုးပြန်သည်။ အကြွေးက နှစ်ဆတက်လာသည်။ ယခုတော့ ဘဝပျက်မည့်အခြေအနေသို့ ရောက်ရှိနေပြီ။ သန်ဘက်ခါရောက်လျှင် အိမ်ဂရန်အပေါင်ခံထားသူက အတိုးလာတောင်းတော့မည်။ လက်ထဲတွင် အတိုးပေးစရာငွေမရှိပေ။ ထို့ကြောင့် နောက်ဆုံးကျန်သော စက်လှေလေးဖြင့် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ရန် စိုင်းပြင်းရခြင်းဖြစ်သည်။ တောင်တက်စဉ်က ခက်ခဲပင်ပန်းစွာ ဆယ်နှစ်ဆယ်မိုး ကြိုးစားတက်ခဲ့ရသော်လည်း အဆင်းတွင် ဘီးတပ်ထားသည့်နှယ် အကျမြန်ဆန်လွန်းလှသည့် စီးပွားရေးအကြောင်း ပြန်တွေးရင်း ရင်လေးစွာသက်ပြင်းချမိသည်။

(၃)

ကောင်းကင်ယံ၌ မိုးသားတိမ်လိပ်တို့ ကင်းစင်နေသည်။ ရှစ်ခွင်တိုင်း သာယာလျက်ရှိသည်။ ထို့ကြောင့် ဦးထွန်းတို့ သားအဖနှစ်ယောက် ပင်လယ်ပြင်သို့ စိတ်ချလက်ချထွက်ခဲ့သည်။ ပင်လယ်ထဲရောက်ပြီးမကြာမီ အခြေအနေတစ်မျိုး ပြောင်းလဲသွားသည်။ မိုးသားများ မည်းမှောင်လာပြီး ပင်လယ်ပြင်တွင် လှိုင်းတံပိုးများ ပြင်းထန်လာသည်။ လေနီကြမ်းများ အဆက်မပြတ် တိုက်ခတ်လာသည်။ ဦးထွန်းတို့စက်လှေကလေးမှာတော့ ပင်လယ်ထဲဝယ် ဆန်ကောထဲ ထည့်လှိမ့်ထားသည့် ဆီးဖြူသီးပမာ လူးလှိမ့်နေလေသည်။ တစ်ခါတွင်တော့ လှိုင်းလုံးကြီးတစ်လုံးက သူတို့စက်လှေပေါ် ဖြတ်ကျော်ဝါးမျိုသွားလေသည်။ စက်လှေနှင့် ဦးထွန်းတို့သားအဖနှစ်ယောက် ပင်လယ်ရေအောက်ကြမ်းပြင်သို့ တရွေ့ရွေ့နစ်မြုပ် ရောက်ရှိသွားလေတော့သည်။

(၄)

ဒေါ်ချောလှရင်ထဲ နေဆယ်စင်းတောက်ပနေသည်။ ညကပင်လယ်ပြင်၌ မုန်တိုင်းဖြစ်ပေါ်သဖြင့် သူတို့ရွာကြီးပင် မိုးသက်လေပြင်း တိုက်ခတ်သည်ကို ခံလိုက်ရသည်။ အမိုးလန်သည့်အိမ်များလန်၍ မခိုင်ခံ့သည့်အိမ်နှစ်လုံး၊ သုံးလုံးပြိုကာ သစ်ပင်တချို့ ကျိုးကျလဲပြိုလျက်။ သားသူရိန်နှင့် ယောကျ်ားကိုထွန်းတို့ ပြန်မလာတော့မှန်းသိသော်လည်း ပင်လယ်ကမ်းစပ်သို့ သွားကြည့်မိသည်။ ညနေဆည်းဆာ ပန်းချီကားက လှပသာယာနေသော်လည်း ဒေါ်ချောလှနှလုံးသားက မသာယာနိုင်ပေ။ မျက်ဝန်းစုံမှမျက်ရည်များ ပါးပြင်ပေါ်မှတစ်ဆင့် သောင်ပြင်ပေါ်သို့ ကြွေကျလျက်။ မြင်ရသူအပေါင်း ကရုဏာသက်သော်လည်း ဘာမျှမကူညီနိုင်ပေ။ ထိုစဉ် ဒေါ်ချောလှထံ သမီး ကေသီ အပြေးရောက်လာပြီး-

"မကြီးနဒီဆီကဖုန်း အမေ"

ကေသီ ဒေါ်ချောလှထံ ဖုန်းလှမ်းပေးလိုက်သည်။

"ဟဲလို သမီးအမေ့ချွေးမ နဒီပါ။ သမီး လူကုန်ကူးခံရလို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့တွေ ကယ်လို့ အခုမှလွတ်လာတာ ရန်ကုန်ရောက်နေပြီ။ မောင့်ကိုလာခေါ်ခိုင်းပါ။ မောင်ကောနေကောင်းလား။ အမေနဲ့ အဖေကော နေကောင်းကြရဲ့လား။"

ဒေါ်ချောလှ ဘာပြောရမှန်းမသိ။ ငူငူကြီးရပ်နေရာမှ ပစ်လဲသွားလေသည်။

"အမေ အမေ. . . အမယ်လေး လုပ်ကြပါအုံး"

ကေသီအနီးရှိ ရေလုပ်သားများကို အကူအညီတောင်း၍ ဒေါ်ချောလှကို အိမ်သို့ခေါ်ဆောင်လာလေသည်။ ထို့နောက် ဆရာဝန်ခေါ်ပြရာ-

"အသက်မရှိတော့ဘူးသမီး"

"ရှင် ဟီးဟီး အမေရဲ့။ သမီးတို့မောင်နှမ ဘယ်သူ့ကို အားကိုးရမှာလဲ"

ကေသီနှင့် သူရတို့မောင်နှမ နှစ်ယောက်သား ဖက်ငိုကြလေသည်။ ကြည့်နေသောလူများက စိတ်မကောင်းဖြစ်ကာ မောင်နှမနှစ်ယောက်ကို နှစ်သိမ့်အားပေးကြလေသည်။ နောက်တစ်နေ့၌ အိမ်ဂရန်အပေါင်ခံထားသူ ဦးတရုတ်ကြီး ရောက်လာသည်။ အသုဘဖြင့် ကြုံရသဖြင့်-

"ဘယ်သူသေတာလဲ "

"ဒေါ်ချောလှ"

အနီးရှိလူတစ်ယောက်က ပြန်ဖြေလိုက်သည်။

"ဩော်. . . ကိုထွန်းကော"

"သူတို့သားအဖ ဟိုတစ်နေ့က ငါးဖမ်းထွက်တာ ပင်လယ်ထဲမုန်တိုင်းမိသွားကြပြီ"

"အားလုံးသေကုန်ပြီပေါ့။ ကျုပ် ဒီအိမ်နဲ့ ဒီခြံကို သိမ်းရတော့မှာပေါ့"

"ဟာ ကလေးနှစ်ယောက်ဘယ်လိုလုပ်မှာလဲ"

"အေးဟုတ်တယ်။ ကလေးနှစ်ယောက် ဒုက္ခရောက်ပြီပေါ့"

"ဦးတရုတ်ကြီးကပဲ ကလေးတွေကို စောင့်ရှောက်ပေးပါလို့ မေတ္တာရပ်ခံ"

"ဒီမှာအုပ်ကြီး ကျုပ်က မိဘမဲ့ဂေဟာဖွင့်ထားတာမဟုတ်ဘူး။ စီးပွားရေးလုပ်နေတာ သူတို့အိမ်ကို သိမ်းမယ်။ ရက်လည်ပြီးရင် ကလေးနှစ်ယောက် အိမ်ပေါ်ကဆင်းပေး။ ဒါပဲလိုချင်တယ်"

ကေသီနှင့်သူရ မျက်နှာငယ်လေးနှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။ သူတို့မောင်နှမ သောင်ပြင်လွှတ်ထားသည့်ခွေးများပမာ။ ဘယ်ကမ်းကပ်ရမှန်းမသိသော လှေငယ်လေးနှယ် ခိုကိုးရာမဲ့ကြပေတော့မည်။

လောကတွင်ခေါင်မလုံပါက အိမ်တွင်းရှိပစ္စည်းများဆွေးရသလို အိမ်ထောင်ဦးစီးအသုံးမကျပါကလည်း တစ်မိသားစုလုံးဘဝပျက်ရတတ်လေသည်။

❖ ကောင်းကင်ယံ၌ မိုးသားတိမ်လိပ်တို့ ကင်းစင်နေသည်။ ရှစ်ခွင်တိုင်း သာယာလျက်ရှိသည်။ ထို့ကြောင့် ဦးထွန်းတို့သားအဖနှစ်ယောက် ပင်လယ်ပြင်သို့ စိတ်ချလက်ချထွက်ခဲ့သည်။ ပင်လယ်ထဲရောက်ပြီးမကြာမီ အခြေအနေတစ်မျိုး ပြောင်းလဲသွားသည်။ မိုးသားများ မည်းမှောင်လာပြီး ပင်လယ်ပြင်တွင် လှိုင်းတံပိုးများ ပြင်းထန်လာသည်။ လေနီကြမ်းများ အဆက်မပြတ် တိုက်ခတ်လာသည်။ ဦးထွန်းတို့စက်လှေကလေးမှာတော့ ပင်လယ်ထဲဝယ် ဆန်ကောထဲထည့်လှိမ့်ထားသည့် ဆီးဖြူသီးပမာ လူးလှိမ့်နေလေသည်။ တစ်ခါတွင်တော့ လှိုင်းလုံးကြီးတစ်လုံးက သူတို့စက်လှေပေါ် ဖြတ်ကျော်ဝါးမျိုသွားလေသည်။ ❖

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၂၁၄၄ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ကြံစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၂၁၄၄ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ကြံ ၁၇၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ကြံ ၁၅၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ရွှေဘိုမြို့နယ်၌ ကြံ ၂၁၄၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်က မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်အတွင်း ကြံဧက ၁၀၀၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်အတွင်း ကြံဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

၂၀၂၁ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ရွှေဘိုမြို့နယ်တွင် ကြံစိုက်ပျိုးမှုကို ၂၀၂၁ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ကြံ ၁၇၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြား ကုန်ကျစရိတ်ရှိပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း၊ ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့်ကသာခရိုင်၌ စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မို၈၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြကာ မိုးစိုက်နှင့် ရေတင်စိုက်များကို ဦးစားပေးစိုက်ပျိုးကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

# သရက်မြို့နယ် ညောင်နီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် မေ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ညောင်နီကျေးရွာရှိ စုရပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၆၉ သန်း လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်နီကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၅ ဦးကို ငွေကျပ် ၂၀ ဒသမ ၆၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၅ ဒသမ ၆၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# ကြာအင်းဆိပ်ကြီးမြို့နယ် မြို့ဟောင်းကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**ကြာအင်းဆိပ်ကြီး မေ ၂၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခလယ်ကျေးရွာအုပ်စု မြို့ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ခလယ်ကျေးရွာအုပ်စု မြို့ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် လမ်းအရှည် ၁၄၈၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

မြို့ဟောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစတင်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သန်း ၃၀ မတည်ပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် အဆိုပါစီမံကိန်း အတိုးရငွေကျပ် ၁၄ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ရှစ်သန်း စုစုပေါင်းငွေကျပ် ၂၂ သန်း အကုန်အကျခံကာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ နောက်ဆုံးပတ်မှစတင်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ညောင်နီကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေဧက ၉၀ ကျော်မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## ဝသန်ကကြိုး

\- တိမ်မည်းညို လေဟုန်စီး
ရှစ်ခွင်ဟည်း မြည်သံ၊
လျှပ်ပန်းနွယ် ငွေမျှင်တန်း
ရွှင်လန်းဖြာဟန်၊
ငွေနတ်သမီး ယိမ်းကအမှန်
ထိန်းမရပြန် မြူးကွကွ၊
ထူးတယ်ရှင် သဘင်နန်းမှာလ
ငွေပန်းဖြာလှ။

\- မုတ်သုံလေ အားသာသမျှ
ထက်ဝလာက ပွဲသဘင်၊
မြေပြင်ကို ရိုက်ခတ်ထား
ယိမ်းသွားသစ်ပင်၊
သွန်းစွေပ ပြည်တစ်ခွင်
စိမ်းစိုလွင် စွတ်စိုမိုး၊
ငြိမ့်ငြိမ့်သာ ရေစီးကြောင်းတွေက
ပေါင်းဆုံရေတိုး။

\- မိုးဝသန် သည်ကကြိုး
ပိုကာစိုး အေးမြနေ၊
စည်းချက်မှန် တဖြောက်ဖြောက်
မိုးပေါက်သံတွေ၊
လွှမ်းမိုးလို့ အသံစုံပေ
ကခုန်ချေ မျိုးစုံပ၊
ပန်းအင့်ံ ပွင့်အာမွှေးရင်း
ရှက်သွေးဖြာကြ။

\- လယ်တစ်ခွင် သာယာလှ
ပျိုးပင်က စိမ်းစိုစို၊
လယ်တောသူ ပျိုနှမများ
တေးသွားသံချို၊
မိုးသံနှင့် အပြိုင်ဆို
မြိုင်ဆိုင်ပို ဝသန်ပွဲ၊
ပျိုးပင်တွေ ယိမ်းနွဲ့ကြလို့
ကကြိုးစုံမြဲ။ ။

**မိုးမြင့်စံ(မေတ္တာရိပ်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# လူငယ်များအတွက် အမှန်တကယ်လိုအပ်နေသည့် ရှေ့ဆောင်ကောင်းများ

နွေကုံကော်(မြို့လှ)

မြန်မာနိုင်ငံတွင် လူငယ်များအတွက် ရည်ရွယ်ကျင်းပဖွင့်လှစ်သည့် ခေါင်းစဉ်မျိုးစုံဖြင့် ပွဲများစွာကို ဆယ်စုနှစ်နှစ်စုအတွင်း ဝေဝေဆာဆာတွေ့မြင်ခဲ့ရသည်။ တစ်နည်းအားဖြင့် လူငယ်များကို ဦးတည်သည့် အဆိုပါပွဲများသည် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် အုတ်မြစ်ကောင်းများ ချပေးခြင်းဟုဆိုရမည်။ သက်တမ်းအလိုက် အားကစားပေါင်းစုံပြိုင်ပွဲများအပြင် စာပေ၊ ဂီတ အခြားသောနည်းလမ်းမျိုးစုံဖြင့်လည်း လူငယ်များ၏ စာရိတ္တမဏ္ဍိုင်ကို တည့်မတ်အောင် ဆောင်ရွက်ပေးနေကြသည်။ မြင်တွေ့ရသူတိုင်းအတွက် အားရကြည်နူးဖွယ်ကောင်းပါဘိ။ ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များ၏ နှလုံးအိမ်တွင်းသို့ ဖြူစင်သန့်ရှင်းသော အတွေးအခေါ်အယူအဆများ ထည့်သွင်းပေးခြင်းသည် မဖြစ်မနေလုပ်ဆောင်ပေးရမည့်အရာပင်ဖြစ်၏။ ယနေ့လူငယ်များကို လက်ဆင့်ကမ်းအမွေပေးနေကြသူများသည် တစ်ချိန်တစ်ခါက လူငယ်ဘဝဖြင့်ပင် သင်ကြားမှု၊ သင်ယူမှုပြုခဲ့ကြသူများဖြစ်ကြလေသည်။

**လူငယ်များအပေါ် စစ်မှန်စွာ စေတနာထားရန်လိုအပ်**

လူငယ်များနှင့်ပတ်သက်၍ ရုပ်သံတင်ဆက်မှုများဖြင့်လည်းကောင်း၊ Talk Show အစီအစဉ်များပြုလုပ်၍လည်းကောင်း၊ လူငယ်စာပေစကားဝိုင်းများပြုလုပ်ပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်စာပေဆုများဖြစ်သည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့တွင်လည်း လူငယ်များအတွက်ရည်ရွယ်ကာ လူငယ်စာပေဘာသာရပ်များ တသီးတခြား ထားပေးခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်၏ကောင်းမွန်သော အနာဂတ်အကျိုးမျှော်ကိုးမှုများကို တွေ့ရှိနိုင်ပေမည်။ ထိုသို့အနာဂတ်တိုင်းပြည်တာဝန်များကို လွှဲပြောင်းရယူကြမည့်လူငယ်များကို လက်ဆင့်ကမ်းအမွေပေးကြမည့်သူများအနေဖြင့် လူငယ်များအပေါ် စေတနာအပြည့်အဝထား၍ တိုင်းပြည်အပေါ် အမှန်တကယ်သစ္စာရှိကြရန် လိုအပ်လှပေသည်။

**မိဘ၊ ဆရာများ မှန်ကန်စွာ နည်းလမ်းပြသကြရမည်**

စာရေးသူ၏အတွေ့အကြုံကို ဥပမာထား၍ တင်ပြလိုသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သော စာရေးသူက ကလေးများနှင့် ကျောင်းသားလူငယ်များကို ချစ်တတ်သူဖြစ်သည်။ ကျောင်းသားလူငယ်လေးများတွေ့လျှင် လူနေထိုင်မှုနည်းမှအစ အတန်းသင်ခန်းစာများကိုပါ ရသည့်အချိန်တွင် မေးမြန်းသင်ကြားပေးတတ်သည်။ ကျောင်းဆရာစိတ်ဟုဆိုရမလားမသိ။ တကယ်တော့ သူတို့ကို ဆရာလုပ်ချင်၍မဟုတ်ပါ။ ကလေးငယ်များ၊ ကျောင်းသားလေးများ၏ အရည်အချင်းကိုကြည့်ပြီး သူတို့မိဘ၊ ဆရာများ၏ သင်ကြားမှု၊ ပညာအပေါ်တန်ဖိုးထားမှုကို စာရေးသူအနေဖြင့် ကောက်ချက်ချသည်။ တော်၍လိမ္မာသော ကလေးများကိုတွေ့လျှင် မိဘများကိုရော ဆရာများကိုပါ ချီးကျူးမိသည်။ တစ်ဆက်တည်း အနာဂတ်နိုင်ငံတော်အတွက် စိတ်ချမ်းသာသလိုဖြစ်မိသည်။ ဆင်ခြေမျိုးစုံဖြင့် ယဉ်ကျေးမှုအားနည်း၊ စာမကြိုးစားသော ကလေးများကိုတွေ့လျှင် မိဘများ၏ နားလည်မှု၊ ဆရာများ၏စိတ်မရှည်မှုတို့အပေါ် စာရေးသူအနေဖြင့် အားမလိုအားမရဖြစ်မိသည်။

နွေရာသီရောက်တိုင်း ကလေးငယ်များကို စာရေးသူက ယဉ်ကျေးလိမ္မာသင်ပေးရသည်။ ကိုယ်တတ်နိုင်သည့်ငွေဖြင့် မုန့်ဝယ်ကျွေးသည်။ စာအုပ်၊ ဘောပင်ပေးသည်။ တော်သည့်ကလေးများကို အပိုဆောင်းဆုချပေးသည်။ သို့ရာတွင် တော်သည့်ကလေးက ရာခိုင်နှုန်းအလွန်နည်းသည်။ ကိုဗစ်ကြောင့် အတန်းများ တက်ခဲ့ရသော်လည်း သိသင့်သိထိုက်သည်ကိုပင် မသိကြ။ စာမရသည့်ကလေးများကို ခြေရာခံလိုက်သော် မိဘများကလည်း စာကျက်ရန် မတိုက်တွန်း၊ ဆရာများကလည်း သင်ခန်းစာတစ်နှစ် ကုန်သွားရန်သာ အဓိကဖြစ်နေသည်ကို တွေ့ရသည်။

ပြီးခဲ့သည့်နှစ်က ဒုတိယတန်းကျောင်းသူနှစ်ဦး ယခုနှစ် တတိယတန်းတက်လာသည်။ ပြီးခဲ့သည့်နှစ်တုန်းက စာမရသည့် သူတို့နှစ်ဦးကို စာရေးသူက ဆူလိုက်ပူလိုက်သည်။ စာကြိုးစားရန်၊ အိမ်ရောက်လျှင် မသိသည်များ မေးမြန်းရန် ပြောလိုက်သည်။ ယခုနှစ်တတိယတန်းတက်ချိန်တွင် ဖြူနှင်းဆိုသည့်ကလေးမက တိုးတက်လာသည်ကို တွေ့ရသည်။ ကျန်တစ်ဦးကတော့ ထူးခြားမှုမရှိပေ။

❖ လေ့လာလိုစိတ်များပြီး အသစ်အဆန်းများ စိတ်ဝင်စားတတ်သည့် ကလေးသဘာဝနှင့်လျော်ညီသောအရာများကို ကြားညှပ်ထည့်သွားပါက ကျောင်းစာအပြင် ပြင်ပဗဟုသုတများပါ ကျွဲကူးရေပါ ဖြစ်သွားပါလိမ့်မည်။ ဝါသနာပါ၍ ဆရာဖြစ်လျှင် ပိုပြီးသင်ကြားနိုင်စွမ်းရှိကြမည်ဖြစ်သည်။ ကျောင်းသားလူငယ်များနှင့်ပတ်သက်လာပါက အထက်ကပေးအပ်သည့် တာဝန်အပြင် ဆရာကောင်းတည်းဟူသော စိတ်ဓာတ်ခံယူချက်ဖြင့် အမှန်တကယ်ကျင့်သုံးပေးမည်ဆိုပါလျှင် ဆယ်စုနှစ်များ အလေအလွင့် မဖြစ်နိုင်တော့ပေ။ ❖

အတန်းစုံကျောင်းသားဦးရေ ၃၀ ခန့်ကို နှုတ်ကသာ အများဆုံး ဆိုပြီးသင်ပြနိုင်သည်။ ရရှိချိန်နှင့် သူတို့အနေအထားများကြောင့် ရေးရန်ထိ ကောင်းကောင်းအချိန်မပေးနိုင်ခဲ့။ ကျောင်းသင်ရိုးညွှန်းတမ်းများ အချိန်မီပြီးစီးအောင် သင်ကြားပေးရသောဆရာများကို ကိုယ်ချင်းစာမိခဲ့သည်။ မြားမြောင်လှသော အပိုဆောင်းတာဝန်များအပြင် အခြေခံကျေညက်ပိုင်နိုင်မှုမရှိခဲ့သော ကလေးတစ်ဦးချင်းစီကို တတ်မြောက်အောင် သင်ကြားပေးရန် လုံလောက်သည့်အချိန်မရှိမှုက ဆရာများအတွက်လည်း ကြီးမားသောအခက်အခဲကြီးများဖြစ်နိုင်သည်။ ထိုအခါ တစ်တန်းကူးသွားလျှင် မိမိတို့တာဝန်ကျေပွန်ပြီဟုပင် မှတ်ယူကြပေတော့သည်။ စာမရသည့်ကလေးကို စာလုပ်ချင်အောင် ဆူပူငေါက်ငမ်းလိုက်ပါက မခံယူတတ်ဘဲ ကျောင်းမလာတော့လျှင် အားလုံးသာ ထိခိုက်နစ်နာမှုများဖြစ်လာရပြန်သည်။

**ကျောင်းသားလူငယ်များ သင်ယူလိုစိတ်ရှိစေရန် ဆရာများ အရည်အသွေးပြည့်ဝရန်လို**

ထိုထိုသော အတွေ့အကြုံများအရ ရသည့်အချိန်အတွင်း ကျောင်းနှင့်စာသင်ခန်းလာချင်စိတ်ရှိပြီး ပျော်ရွှင်မှုမှတစ်ဆင့် သင်ယူမှတ်ယူလိုစိတ်များရှိသွားအောင်သာ ဖန်တီးခဲ့ရသည်။ စာရေးသူအနေဖြင့် တာဝန်အရ သင်ကြားပေးရသည့်အပေါ် ပြီးလျှင်ပြီးရောဟုမခံယူချင်မိ။ သင်ခန်းစာအချိန်ကုန်လျှင် တာဝန်ကျေသည်ဟု မမှတ်ယူချင်ပေ။ စာရေးသူအနေဖြင့် ကလေးများကို စာသင်ရတိုင်း စာကိုအရင်သင်ရန်မကြိုးစားဘဲ သူတို့စိတ်ကို အရင်သင်ပေးရန် ကြိုးစားခဲ့သည်။ စာရေးသူတို့ ကျောင်းသားဘဝမှာပင် စာအုပ်ထဲက သင်ရိုးညွှန်းတမ်းများအတိုင်း ပျင်းရိငြီးငွေ့ဖွယ် သင်ကြားသောဆရာများအချိန်ဆို စိတ်ပါဝင်စားမှုနည်းခဲ့ကြဖူးသည်။ လေ့လာလိုစိတ်များပြီး အသစ်အဆန်းများ စိတ်ဝင်စားတတ်သည့် ကလေးသဘာဝနှင့်လျော်ညီသောအရာများကို ကြားညှပ်ထည့်သွားပါက ကျောင်းစာအပြင် ပြင်ပဗဟုသုတများပါ ကျွဲကူးရေပါ ဖြစ်သွားပါလိမ့်မည်။ ဝါသနာပါ၍ ဆရာဖြစ်လျှင် ပိုပြီးသင်ကြားနိုင်စွမ်းရှိကြမည်ဖြစ်သည်။ ကျောင်းသားလူငယ်များနှင့် ပတ်သက်လာပါက အထက်ကပေးအပ်သည့် တာဝန်အပြင် ဆရာကောင်းတည်းဟူသော စိတ်ဓာတ်ခံယူချက်ဖြင့် အမှန်တကယ်ကျင့်သုံးပေးမည်ဆိုပါလျှင် ဆယ်စုနှစ်များ အလေအလွင့်မဖြစ်နိုင်တော့ပေ။ ဆရာဟုဆိုရာတွင် ကျောင်းစာသင်ပေးရသော အဖွဲ့ အစိမ်းဝတ် ကျောင်းဆရာများကိုသာ ရည်ညွှန်းသည်မဟုတ်ပါ။ နယ်ပယ်အသီးသီးမှ အရောင်ကွဲ ယူနီဖောင်းမျိုးစုံ ဝတ်ဆင်ထားကြသော ဆင့်ကဲတာဝန်ခံတာဝန်ယူရသူတိုင်းကို ဆရာဟုဆိုလိုချင်သည်။ တစ်လောက လူငယ်စာပေစကားဝိုင်းတစ်ခုနှင့်ပတ်သက်ပြီး မိတ်ဆွေတစ်ဦးထံမှ အောက်ပါအတိုင်းကြားခဲ့ရသည်။

"ကျွန်တော်တို့က အဝေးကြီးကနေ ဆိုင်ကယ်ဆီဖိုးအကုန်ခံပြီး ဒီပွဲကိုလာတက်ရတာ။ လူငယ်တွေကို အဓိကဦးမတည်ဘဲ သူတို့ကိုယ်ရည်သွေးတာတွေကိုပဲ နားထောင်ရတာ နောက်မလာချင်တော့ဘူးဗျာ"

ထိုဖြစ်စဉ်မျိုး စာရေးသူကိုယ်တိုင် ကြုံခဲ့ဖူးပါသည်။ စာရေးသူဆိုပါက လူငယ်များနှင့်ပတ်သက်ပြီး ဘယ်စာအုပ်လေးတွေ ဘယ်လိုရှိပါတယ်ဟု ကြိုတင်ပြောကြားထားမည်ဖြစ်၏။ စာအုပ်စာစောင်များနှင့်အနီးစပ်ဆုံးရှိနေသော ဌာနများဖြစ်သည့်အတွက် ပို၍လမ်းညွှန်နိုင်မည်ဖြစ်သည်။ လူငယ်များကို အသိဉာဏ်မျှဝေမည့် စာပေဝါသနာရှင်ဆရာများကလည်း ကိုယ်ရည်သွေးခြင်းထက် ခေတ်နှင့်အညီ ဝမ်းစာဖြည့်တင်းနေရန်လိုသည်ဟု ခံယူမိသည်။ စာပေဗိမာန်စာအုပ်ဆိုင်များတွင် လူငယ်အကျိုးပြုစာအုပ်များ နှစ်စဉ်ထုတ်ဝေနေသည်။ မိမိအတွက်လည်း လေ့လာရန် ကုန်ကြမ်းရသလို လူငယ်များအတွက်လည်း ဖတ်ညွှန်းပေးနိုင်မည်ဖြစ်သည်။

**လူငယ်များအတွက် အကျိုးပြုစေမည့် စာအုပ်များစွာရှိ**

အကြောင်းအရာဘဝဖြစ်စဉ်စုံသောစာအုပ်များအကြောင်း မိနစ် ၂၀၊ မိနစ် ၃၀ မျှ လူငယ်များဦးနှောက်ထဲပို့ပေးလျှင် စိတ်ပါဝင်စားကြပါလိမ့်မည်။ လူငယ်များအတွက် အကျိုးပြုစာအုပ်ကောင်းများ အစဉ်အဆက်ရှိခဲ့သည်။ အချို့စာအုပ်များက လူငယ်ကို ဦးတည်သော်လည်း စာရေးဆရာ၏ရေးသားမှုကြောင့် ကျမ်းဆန်ပြီး လေးလေးပင်ပင်ဖြစ်နေနိုင်သည်။ လူငယ်လူရွယ်များ စိတ်ခံစားမှုနှင့်လိုက်ဖက်ပြီး မှတ်ယူနိုင်စွမ်းရှိသည့် ပေါ့ပါးသွက်လက်စွာ ရသစုံဖော်ကျူးထားသော စာအုပ်များလည်းရှိသည်။ ဦးစီးလုပ်ဆောင်ကြမည့် တာဝန်ရှိသူများ၏ အရည်အသွေးပေါ်မူတည်သည်။

လူငယ်အရေး၊ လူငယ်ကဏ္ဍ ခေါင်းစဉ်မျိုးစုံဖြင့် ကြွေးကြော်လှုံ့ဆော်ပုံဖော်ခဲ့သည်မှာ ကြာခဲ့ပေပြီ။ မည်၍မည်မျှ ရှေ့ရောက်ခဲ့သနည်း၊ အောင်မြင်ခဲ့သနည်း ဆန်းစစ်သင့်ပေသည်။ တစ်ခေတ်တစ်ခါက ဤမျှလောက် နည်းပညာမထွန်းကား၊ ဆက်သွယ်မှုညံ့ဖျင်းသည့်အချိန်မှာပင် တိုင်းပြည်အတွက် အားထားရသည့် ဘက်စုံထောင့်စုံလူရည်ချွန် ပညာတတ်များပေါ်ထွန်းခဲ့သည်။ အားကစားသမားများ၊ စွယ်စုံရအနုပညာရှင်များ စသည်ဖြင့်စုံလင်လှ၏။ ၂၀ ရာစုအလွန် မျိုးဆက်သစ်များအနေဖြင့် အတိဇာတဖြစ်လာသည့် မောင်မယ်များက အလွန်နည်းလာသည်။ တချို့ကလည်း မိဘလောင်းရိပ်အောက် လွန်လွန်ကဲကဲခိုလှုံရင်း ကိုယ်ရည်ကိုယ်သွေးများ မရှိသလောက်ဖြစ်ကုန်ကြသည်။ မိမိတို့ထက် လူငယ်အရည်အသွေးပိုမိုပြည့်ဝနေသော နိုင်ငံများကို မည်သို့အမီလိုက်မည်နည်း။

**ရှေ့ဆောင်ကောင်းများဖြစ်ကြမှသာ မျိုးဆက်သစ်လူငယ်များ၏နှလုံးသားကို ဖမ်းယူနိုင်မည်**

စာရေးသူအနေဖြင့် ပတ်ဝန်းကျင်သေးသေးလေးမှစတင်ပြောင်းလဲလျှင်ပင် လုံလောက်သည်ဟု ယူဆမိသည်။ တိုင်းပြည်ကို တကယ်ချစ်၍ လူငယ်များအပေါ် ဆရာစိတ်ပြည့်ဝစွာ လမ်းကြောင်းမှန်ပြသကြမည်ဆိုပါလျှင် တိုင်းပြည်အနာဂတ်ဟု တင်စားနေကြသည့် လူငယ်များ၏စစ်မှန်သည့်အင်အားကို မရနိုင်စရာအကြောင်းမရှိပါချေ။ ကျောင်းစာသင်ခန်းအတွင်း ကျောင်းသားလူငယ်များ၏ပညာရေးနှင့် စာရိတ္တမဏ္ဍိုင်ကို သင်ကြားပေးရသည့်ဆရာများအနေဖြင့် တာဝန်ကျေမဟုတ်သည့် ရှေ့ဆောင်ကောင်းများဖြစ်ရန်လိုသကဲ့သို့ ဘဝလုပ်ငန်းခွင်အသီးသီးမှ ဆရာဟု တာဝန်ပေးခြင်း ခံထားရသည့်သူများအနေဖြင့်လည်း ရှေ့ဆောင်ကောင်းများဖြစ်ကြမှသာ မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားများကို သိမ်းကျုံးရယူနိုင်လိမ့်မည်ဖြစ်၏။ ၎င်းသည် နိုင်ငံအတွက် အလားအလာကောင်းများ ဖန်တီးရာတွင် အခရာကျလှသလို နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို စတင်ရာနေရာတစ်ခုဟုလည်း ဆိုနိုင်မည်ဖြစ်သည်။

# ဘားအံမြို့နယ် မုက္ကဒိကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ မေ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့ပြနှင့်ကျေးလက်ကွာဟမှုကျဉ်းမြောင်းစေရန်နှင့် ခေတ်မီစံပြကျေးရွာဖြစ်မြောက်စေရန်ရည်ရွယ်၍ မုက္ကဒိကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေ ၂၆ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မုက္ကဒိကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။

မုက္ကဒိကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၆ ဒသမ ၅၅၇ သန်းဖြင့် ရွှေဖားစည်ကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်တာဝန်ယူဖောက်လုပ်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာရေးအဆင်သွားပြေဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူသူ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ရိုးသားဖြောင့်မတ်တဲ့ဖွတ်နဲ့ ကောက်ကျစ်တဲ့မိကျောင်း

ကလေးတို့ရေ အခုတစ်ပတ်မှာ ဇာတ်ဝင်ဟုတ်ဟုတ်ဖြစ်ဖွယ်ရာ ပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြလိုပါတယ်ကွယ်။ သေသေချာချာနားထောင်ကြနော်။

ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။ မြစ်ကမ်းစပ်တစ်ခုက ဝါးရုံတောအနီးမှာ ဖွတ်နဲ့မိကျောင်းဟာ အဆွေခင်ပွန်းဖွဲ့ပြီး နေထိုင်ကြတာပေါ့ကွယ်။ ဖွတ်ဟာ ရိုးသားဖြောင့်မတ်ပြီး အေးအေးဆေးဆေးနေတတ်သူဖြစ်သတဲ့ကွယ်။ ဖွတ်ဟာ ရေထဲရော ကုန်းပေါ်မှာပါ ကျက်စားပြီး အစားအစာရှာဖွေလေ့ရှိသတဲ့။ ဖွတ်ဟာ သူ့ထက်အရွယ်အစားကြီးပြီး ခွန်အားလဲသာတဲ့ မိကျောင်းကို လေးစားအားကျနေတာပေါ့ကွယ်။ ဒါကြောင့် အစာရှာတဲ့အခါမှာလဲ ဖွတ်သာ အမြဲတမ်းရှာလေ့ရှိပြီး မိကျောင်းကတော့ ဖွတ်ရှာလာသမျှကို အခွံ့သားစားသောက်နေတာပေါ့ကွယ်။ အဲဒီလို မိကျောင်းက အခွံ့သားစားသောက်နေပေမဲ့လဲ ဖွတ်ဟာ မငြိုငြင်ဘဲ အမြဲရှာဖွေကျွေးမွေးသတဲ့ကွယ်။

တစ်နေ့ ဖွတ်အစာရှာထွက်သွားတုန်း မိကျောင်းဟာ ဝါးရုံတောမှာ တစ်ကောင်တည်းကျန်ခဲ့တာပေါ့။ မိကျောင်းဟာ ဝါးရုံတောအောက်မှာ တစ်ကောင်တည်း ငြိမ်သက်နေတယ်။ အဲဒီအချိန်မှာပဲ မလှမ်းမကမ်းက အပင်ပေါ်မှာ ကျီးနှစ်ကောင်ပြောနေတာကို မိကျောင်းဟာ ကြားသွားတာပေါ့ကွယ်။ ကျီးနှစ်ကောင် ဘာတွေများပြောနေကြပါလိမ့်လို့ နားထောင်တဲ့အခါ ဒီလိုကြားရသတဲ့။

"ရှင်မရေ ဒီညနေ ဒီဝါးရုံတောဘက်ကို လူတွေလာကြမယ်တဲ့ကွ"

"ဟုတ်လား ဘာဖြစ်လို့လဲ"

"သူတို့တွေဆေးဖော်ဖို့ မိကျောင်းသည်းခြေလိုတယ်တဲ့။ ဒါကြောင့် ဒီဝါးရုံတောမှာ မိကျောင်းရှိတာကြားပြီး မိကျောင်းလာဖမ်းမယ်တဲ့ကွ"

ကျီးနှစ်ကောင်ရဲ့ပြောသံလဲကြားရော မိကျောင်းဟာ တအားကိုတုန်လှုပ်သွားတာပေါ့ကွယ်။ အသက်ဘေးနဲ့ရင်ဆိုင်ရတော့မဲ့ သူ့အဖြစ်ကိုတွေးရင်း ဒီအကျပ်အတည်းကလွတ်မြောက်အောင် ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားသတဲ့။ အဲဒီလို စဉ်းစားအကြံထုတ်ရင်း တစ်စုံတစ်ခုကို စဉ်းစားမိသွားသတဲ့။

သိပ်မကြာခင်မှာပဲ ဖွတ်ဟာ မိကျောင်းဆီကို ပြန်ရောက်လာလေသတဲ့။ ဖွတ်ဟာ သူရှာလာတဲ့အစာတွေထဲက တချို့တစ်ဝက်ကို မိကျောင်းအတွက်ပေးလိုက်တာပေါ့။



"အဆွေမိကျောင်း ကျွန်တော်နည်းနည်းနောက်ကျသွားတယ်ဗျာ။ ဗိုက်ဆာနေပြီလား စားလိုက်ပါအုံးဗျာ"

"ရပါတယ် အဆွေဖွတ်ရယ် အတူတူစားကြတာပေါ့"

မိကျောင်းဟာ ဖွတ်နဲ့အတူ စားသောက်နေရင်းမှ စောစောတုန်းကစဉ်းစားမိတဲ့အကြံကို သတိရသွားလေသတဲ့။ ဒါကြောင့်-

"အဆွေဖွတ်. . အဆွေ ကျွန်ုပ်ကိုအားမကျဘူးလား"

"ဘယ်လိုပြောပါလိမ့် အဆွေမိကျောင်းရယ် အားကျတာပေါ့ဗျာ"

"ဒါဆိုရင် သင့်အတွက် ကျွန်ုပ်ရဲ့အဖေချန်ခဲ့တဲ့ မိကျောင်းသားရေတစ်ခုလက်ဆောင်ပေးမယ်။ အဲဒါကို သင်ခြုံပြီး မိကျောင်းအဖြစ် ဝံ့ကြွားပြီးနေလို့ရတာပေါ့ဗျာ။ ကျွန်ုပ်လဲ အခုခရီးတစ်ခုသွားစရာရှိတော့ အဆွေဖွတ်ကို သူများတွေကြောက်ပြီးရိုသေအောင် မိကျောင်းအဖြစ် ခဏနေထိုင်လို့ရတာပေါ့"

ဖွတ်လဲ ဝမ်းသာအားရနဲ့ မိကျောင်းသားရေကိုယူပြီး ခြုံလိုက်တာပေါ့။ မိကျောင်းလဲ အသက်ဘေးမှ လွတ်မြောက်ဖို့ ဖွတ်ကိုနှုတ်ဆက်ပြီး အမြန်ထွက်သွားတော့တာပေါ့။ ဖွတ်ကို မိကျောင်းအထင်နဲ့ လူတွေဖမ်းပြီးချိန်လောက်မှ ပြန်လာဖို့ဆုံးဖြတ်လိုက်တော့တာပေါ့ကွယ်။ ရိုးသားဖြောင့်မတ်တဲ့ဖွတ်ဟာ မိကျောင်းရဲ့ကောက်ကျစ်စဉ်းလဲတဲ့အကြံကို မရိပ်မိဘူးပေါ့ကွယ်။ နောက်ရက်လဲကျရော မိကျောင်းဟာ ဝါးရုံတောကို ပြန်ရောက်လာတာပေါ့။ ဝါးရုံတောလဲရောက်ရော ဖွတ်ကိုမြင်တွေ့လိုက်ရတဲ့အတွက် အံ့အားသင့်သွားတာပေါ့ကွယ်။ သူထင်သလို လူတွေရဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းမခံရဘဲ အသက်ရှင်နေတာကြောင့် မယုံနိုင်အောင်လဲဖြစ်နေသတဲ့။

"အဆွေမိကျောင်း ပြန်လာပြီလား။ သင့်အတွက် အစာရှာထားတာသုံးဆောင်ပါအုံး"

မိကျောင်းလဲ မသိသလိုနေရင်း စားလိုက်တာပေါ့ကွယ်။ မိကျောင်းလဲ စားလို့ပြီးရော ဖွတ်က စကားဆိုတော့တာပေါ့ကွယ်။

"အို. . . မိကျောင်းယုတ် သင်ဟာ သင့်ကိုအစာရှာကျွေးနေတဲ့ကျေးဇူးကိုမှမထောက် ကျုပ်ကိုသေအောင်လိမ်ညာလုပ်ကြံခဲ့တယ်။ ကျီးမောင်နှံအချိန်မီပြောလို့ ကျုပ်သေဘေးကလွတ်ခဲ့တာ။ လိမ်ညာခဲ့တဲ့သင့်အတွက် ခုနကသင်စားတဲ့အစာထဲ အဆိပ်ထည့်ထားလိုက်တယ်။ စိတ်မပူပါနဲ့။ သင်ရဲ့လျှာပြတ်ကျရုံလောက်လေးပဲ လုပ်ထားတာပါ"

ဖွတ်လဲ အဲဒီလိုပြောပြီးတာနဲ့ မိကျောင်းနဲ့လမ်းခွဲလိုက်တာပေါ့ကွယ်။ ခဏလဲကြာရော မိကျောင်းရဲ့လျှာဟာ ပြတ်ကျသွားတော့တာပေါ့ကွယ်။

အဲဒီအချိန်ကစပြီး ဖွတ်ဟာ မိကျောင်းကိုစိတ်နာသွားသလို မိကျောင်းမှာလဲ လျှာမရှိတော့တာ ဒီနေ့ထိပဲပေါ့ကွယ်။

ကလေးတို့လဲ အဆွေခင်ပွန်းကောင်းအပေါ် မကောက်ကျစ်ရဘူး၊ မလှည့်စားရဘူးဆိုတာ သိထားရမယ်နော်။ ကိုယ့်အပေါ် ကျေးဇူးရှိတဲ့သူကို လိမ်ညာပြီး မကောင်းကြံရင် ဒုက္ခရောက်တတ်တယ်ဆိုတာလဲ မှတ်ထားရမယ်နော်။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

ကလေးတို့ရွှင်လန်းချမ်းမြေ့ကြပါစေကွယ်။

**မိုင်ဆု(ပညာရေး)**

## ကျောင်းတက်ကြပါစို့

◆ ကျောင်းတက်ရတာ ပျော်ပျော်ရွှင်
ဝတ်စုံလှလှဆင်၊
ခင်ခင်မင်မင် မိတ်ဆွေပွား
ရင်းနှီးချစ်ခင်သွား။

◆ သင်ကြားခံယူ တို့လူငယ်
ပညာနို့စို့ရွယ်၊
ဉာဏ်ပညာကြွယ်ဝစေဖို့
ကျောင်းတက်ကြပါစို့။ ။

**ခေတ်သစ်(ကြွေပုဂံ)**



## အငြိမ့်ပွဲ

◆ တောင်ပံဖြန့်တဲ့ငွေဗျိုင်းဖြူ
အကကောင်းတဲ့သူ။

◆ အမြီးလှုပ်ကာ ငေါက်တောက်တောက်
လူပြက်ကိုရွှေမျောက်။

◆ နားရွက်ခတ်လို့ဟန်ပါပါ
ဆင်ကြီးပွဲကြည့်လာ။

◆ ယုန်ဖြူဖြူ မမြင်ရ
မတ်တတ်ရပ်ကာထ။

◆ ကိုဇီးကွက်က ညအမှောင်
ပြူးတူးပြောင်တောင်တောင်။

◆ မောင်ရွှေကျားက သဘောကျမြဲ
သွားကြီးတဖြဲဖြဲ
ဟဲ ဟဲ ဟဲ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**









တင်ဒါခေါ်ယူခြင်း

သန့်ရှင်းရေးဝန်ထမ်းခေါ်ယူခြင်း

ချမ်းမြသာစည်မြို့နယ်၊ အမှတ် တ-၁/၂၅၊ ၆၅ လမ်း နှင့် ၁၀၂ A လမ်းထောင့်ရှိ မန္တလေးမြို့ အခြေစိုက် အိန္ဒိယ ကောင်စစ်ဝန်ချုပ်ရုံးအတွက် သန့်ရှင်းရေးဝန်ထမ်းတစ်ဦးခန့်ထားရန် လိုအပ်လျက်ရှိပါသောကြောင့် တင်ဒါလျှောက်ထားရန် ဖိတ်ခေါ်အပ်ပါသည်။ စိတ်ဝင်စားသော အေဂျင်စီများ ကောင်စစ်ဝန်ချုပ်ရုံး၏ website www.cgimandalay.gov.in/ Media Room သို့ဝင်ရောက်လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါတင်သွင်းရန်နောက်ဆုံးရက်မှာ June 20, 2023 ဖြစ်ပါသည်။ မေးမြန်းလိုပါက ဆက်သွယ်ရန် ဖုန်းနံပါတ် +95-2-4080355/4081019 နှင့် hoc.mandalay@mea.gov.in သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

ရုံးအဖွဲ့အကြီးအကဲ

အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး

**Tender Notice**

**Hiring of Cleaner**

Consulate General of India, Mandalay invites bids from reputed manpower agencies for hiring of one cleaner for the chancery located at Ta-1/25, 65th street, Corner of 102A, Chan Mya Thazi Township, Mandalay. Interested agencies are requested to visit Consulate's website www.cgimandalay.gov.in ➡ Media Room ➡ Tenders. The Last date for submission of tender is June 20, 2023. In case of any query, please contact our office at +95-2-4080355/4081019 or hoc.mandalay@mea.gov.in.

Head of Chancery

**Consulate General of India**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Rider, Charles & Keith, Adidas, Bonia, Bold By Blazon, Crocs Blazon@62 Central Point shopping Center

နှင့်

*မကြာမီဖွင့်လှစ်တော့မည့် Mdy Capital Blazon တွင်*

တာဝန်ထမ်းဆောင်ရန်

**1.Junior Sale Promoter ကျား/မ (10)Posts**

**2.Junior Sale & Cashier မ (10)Posts**

- အမှတ်စဉ် (၁၊၂)အတွက် ဘွဲ့ရ(သို့)တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အမှတ်စဉ်(၂)အတွက် Computer Basic Certificate ရရှိပြီးသူဖြစ်ရမည်။
- အမှတ်စဉ်အားလုံးအတွက် အသက်(၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်၍ ပြောဆိုဆက်ဆံရေး အထူးကောင်းမွန်ရမည်။
- စည်းကမ်းလိုက်နာနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်း၊ ပညာရေးထောက်ခံစာမိတ္တူနှင့်အတူ 62 Blazon Central Point Shopping Center (သို့) ၇၈လမ်း၊ ၃၄လမ်းထောင့်၊ ရတနာပုံ 4th Floor(Sky Walk Blazon)သို့ လူကိုယ်တိုင်လာရောက်ပေးပို့လျှောက်ထားနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက 09-969948144၊ <mdy.bdtexecutive@gmail.com> သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## စားသောက်ဆိုင်ဝန်ထမ်းအလိုရှိသည်

၁။ ဝိတ်တာ - ၃ ဦး (ကျား/မ)
၂။ စားဖိုချောင်အကူ - ၂ ဦး (ကျား/မ)
၃။ ပန်းကန်ဆေး - ၂ ဦး (ကျား/မ)
၄။ ကားပါကင်စောင့် - ၂ ဦး (ကျား/မ)
၅။ ဝန်ထမ်းများအတွက်
မြန်မာထမင်း/ဟင်းချက် - ၁ ဦး (ကျား/မ)

အမှတ်စဉ်အားလုံးအတွက် နယ်မှလူများဦးစားပေးပြီး နေ/စား အခြေခံစီစဉ်ပေးသည်။ အိမ်ထောင် မရှိသူ/အသက်၃၅မကျော်သူ ဖြစ်ရမည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လိုအပ်သောစာရွက်စာတမ်းများဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်။၃၃(အေ)လမ်း၊၆၈×၆၉လမ်းကြား။ ၀၉-၇၇၇၉၆၁၀၉၅၅

## အမည်ပြောင်း

(အဘ) ဦးလှဝင်း ၏ သား၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၁၃) လ-၅၊ Grade-5 မှ မောင်ရှင်းသန့်မောင်အား မောင်ရှင်းထက်နိုင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရှင်းထက်နိုင်**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အ. ထ. က(စဉ့်ကိုင်) ကျောင်းမှ Grade-10 တွင် တက်ရောက် ပညာသင်ကြားမည့် မောင်နောင်မျိုးထွဋ်ခေါင်နှင့် မောင်ညီမျိုးထွဋ်ခေါင် တို့၏ မိဘအမည်မှန်မှာ ဦးတင့်လွင်-ဒေါ်ဝေဇင်ထိုက် ဖြစ်ပါကြောင်း။

**ဦးတင့်လွင်**

**(၉/တတဥ(နိုင်)၀၄၄၉၆၈)**

**ဒေါ်ဝေဇင်ထိုက်**

**(၉/စကတ(နိုင်)၀၇၀၀၀၀)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံသမိုင်းတွင် လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားအချင်းချင်း၊ ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ပဋိပက္ခများဖြစ်ပွားနေသည်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် သင်ခန်းစာယူရမည့် အချက်ဖြစ်ပါသည်။ မိမိအယူအဆ၊ သဘောထားဆန္ဒများနှင့် မကိုက်ညီသူများကို ရန်သူကဲ့သို့သဘောထားပြီး ခွဲခြားဆက်ဆံခြင်း၊ ဖယ်ကြဉ်ခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်းတို့သည် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုမရှိပါ။ ထို့အတူ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်များသည် စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး နိုင်ငံတော်ပြိုကွဲပျက်စီးမည့်အန္တရာယ်ကို ဖြစ်စေသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနေထိုင်ကြရေး အလေးထားစဉ်းစားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂.၂.၂၀၂၃

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနားကျင်းပသွားမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနားကျင်းပသွားမည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသမဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိဈာပန ပူဇာသဘင်အခမ်းအနားကျင်းပမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် မန္တလေးတိုင်းဒေသကြီးသြဝါဒစရိယ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အမှူးပြု၍ ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ **စာမျက်နှာ ၂၃ ကော်လံ ၁** ☆

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ**

စာမျက်နှာ - ၂၀

**စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ**

စာမျက်နှာ - ၂၀



**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်ထိ ကျင်းပသွားမည်**

စာမျက်နှာ - ၆

